# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၅)ရက် ၊ တနင်္လာနေ့ ၊ (3-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၂၅

၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ် မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ | ဒေါ်ခင်စောနှင်း | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ | ဒေါ်ခင်အေးမြင့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ | ဒေါ်ထွေးထွေးညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အင္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပ



**ရန်ကုန် မတ် ၂**

အင္ဂမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၃ ရက်
အယ်ဒီတာ့အာဘော်

# ဒစ်ဂျစ်တယ်ငွေပေးချေမှု MMQR စနစ်အသုံးပြု

ပြည်တွင်း၌ မိုဘိုင်းသုံးစွဲမှုတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုမရရှိသေးသည့် ဒေသကပြည်သူများ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများ ရရှိစေရန်အတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှုမြန်မာကြူအာ(MMQR)စနစ်အသုံးပြုခြင်းကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြန်မာနိုင်ငံ၏ငွေပေးချေမှုစနစ်ကို ခေတ်နှင့်အညီ တိုးတက်လာရန်၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူ၏ နေ့စဉ်လူမှုဘဝတွင် ငွေလွှဲပြောင်းပေးချေမှုများကို လုံခြုံစိတ်ချစွာဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ ငွေရေးကြေးရေးစနစ်တွင် ပြည်သူများအားလုံး အလုံးစုံပါဝင်လာနိုင်ရေးကို မြှင့်တင်နိုင်ရန်၊ နိုင်ငံအတွင်း ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချနိုင်ပြီး ဒစ်ဂျစ်တယ်ပေးချေမှုများကို တိုးမြှင့်သုံးစွဲနိုင်ရန်၊ နိုင်ငံ၏ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်ပငွေလွှဲဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် စသည်တို့အတွက်ဖြစ်သည်။

**"မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်ငွေပေးချေမှုစနစ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံအမျိုးသားစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့် "လျင်မြန်လွယ်ကူစွာ ငွေပေးချေနိုင်သည့် နိုင်ငံတော်အဆင့် ကြူအာကုတ်စနစ်၊ မြန်မာကြူအာ (MMQR)"ကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ အများပြည်သူများအနေဖြင့် ယနေ့မှစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ပထမဦးစွာအသိပေးပြောကြားလိုကြောင်း"** နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ကျောက်စိမ်းခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ မတူညီသည့်ငွေပေးချေမှုစနစ်များ၏ ကြူအာကုတ်အမျိုးမျိုးကို ချိတ်ဆက်ပြီး ငွေပေးချေမှုများ ပိုမိုအဆင်ပြေသုံးစွဲနိုင်မည်ဖြစ်သည်။ ပြည်သူများ၏ နေ့စဉ်ဘဝတွင် အသုံးပြုမှုများသည့် လက်လီငွေလွှဲပြောင်းပေးချေမှုများကို စရိတ်သက်သက်သာသာဖြင့် လွယ်ကူမြန်ဆန်စွာပြုလုပ်နိုင်မည်ဖြစ်သကဲ့သို့ မြန်မာကြူအာ(MMQR)ကနေတစ်ဆင့် ငွေလွှဲပြောင်းပေးချေမှုများ အသုံးပြုနိုင်ပြီဖြစ်ပေသည်။

မြန်မာကြူအာ(MMQR)ကိုအသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသုံးပြုနိုင်ခြင်းမရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင် ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကို ရယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ငွေသားကိုင်တွယ်သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် မတူညီသည့်ဘဏ်စာရင်းများ၊ မတူညီသည့်ဒစ်ဂျစ်တယ်မိုဘိုင်းပိုက်ဆံအိတ်များ၊ မတူညီသည့်ပေးချေမှုစနစ်များကို ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာများတွင် လျင်မြန်လွယ်ကူပြီး ရှုပ်ထွေးမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်အဆင့်စံနှုန်းတစ်ခုဖြစ်သည့် မြန်မာကြူအာ(MMQR)ကို ယခုကဲ့သို့ တည်ဆောက်နိုင်သည့်အတွက် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲပြောင်းပေးပို့မှုများကို အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချစွာဖြင့် အခြားနိုင်ငံများနည်းတူ ရင်ပေါင်တန်း ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ဒစ်ဂျစ်တယ်စီးပွားရေးအဆောက်အအုံဖွံ့ဖြိုးလာရန်အတွက် တွန်းအားပေးသည့်စနစ်တစ်ခုလည်းဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။**

**(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မုံရွာ မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၅၄၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၄၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မိုးစပါး ၂၅၄၂၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့၊ မျိုးတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် စပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၃၃၃၀၊ ဆွမ္မရာမြို့တွင် ၂၀၂၈ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ဒုံဟီးမြို့တွင် ၄၉၃၇ ဧကနှင့် ပန်ဆောင်မြို့တွင် ၅၁၈၂ ဧက စုစုပေါင်း ၂၅၄၂၈ ဧကဖြစ်ကြောင်း၊ မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်တောင်သူများကို သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စပါးများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးများကို အထွက်နှုန်းကောင်းစွာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကကတစ်ငါးပိသဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကကတစ်ငါးပိသဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇန်နဝါရီလအတွင်းက ကကတစ်ငါးပိသဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ကကတစ်ငါးပိသဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဇန်နဝါရီလအတွင်း ကကတစ်ငါးပိသဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့လို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ တင်ပို့ရောင်းအားတက်တော့ ကုန်သွယ်လုပ်ငန်း၊ ရေလုပ်ငန်းလုပ်တဲ့သူတွေ အဆင်ပြေတဲ့အခြေအနေဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါးတစ်ပိသဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးအပါအဝင် ရေထွက်ကုန်များ အများအပြား တင်ပို့ ရောင်းချနေရခြင်းကြောင့် ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေနေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သာယာကပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မလှိုင် မတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆုံတွင်းကျေးရွာအုပ်စု သာယာကပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သာယာကပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန် ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သာယာကပ်ကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၄သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၂၀- ၂၁ လမ်းကြား၊ လမ်း ၉၀ နေ ကိုဟန်ဝင်းထွန်း မိသားစုက သီလရှင်ဆရာကြီး ဒေါ်ဥက္ကဋ္ဌအား အမှူးထား၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ်၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၈၁ တင်း ထွက်ရှိ



ချောင်းဦး မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၈၁ တင်းထွက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံ ၂၀၂၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

ဝမ်းတွင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာ စေရန်ရည်ရွယ်၍ ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိမရှိစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းကြိုင်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၄ ဦးကို ငွေကျပ် ၅၄ ဒသ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

အောင်ရဲကျော်

# ငပုတောမြို့နယ်တွင် ပဲမျိုးစုံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ပဲမျိုးစုံကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၈၉၀၁ ကေကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၈၉၀၁ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ပဲမျိုးစုံကို လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

''ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲမျိုးစုံကေ ၉၀၀၀ ကျော်ထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပဲမျိုးစုံစိုက် တောင်သူတွေကို အထွက်နှုန်းကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် စိုက်ပျိုးထားသည့်ပဲမျိုးစုံ ၈၉၀၁ ကေတွင် ပဲတီစိမ်း ၁၈၃၇ ကေ၊ မတ်ပဲ ၂၃၀၂ ကေ၊ ဗိုလ်ကိတ်ပဲ ၄၇၆၂ ကေ စုစုပေါင်းပဲမျိုးစုံ ၈၉၀၁ ကေဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# သင် ဘယ်သူလဲ

**ချစ်နိုင်(စိတ်ပညာ)**

> **❖ငါသည် တန်ဖိုးရှိသော အဖိုးတန်လူဟုသဘောထားခံယူချက် မိမိကိုယ်ကိုသတ်မှတ်ထားသူသည် အားထုတ်ကြိုးစားမှုဖြင့် အများ ယုံကြည်မှုရရှိအောင် အလုပ်စွမ်းအားဖြင့် နာမည်ကောင်း တည်ဆောက်ယူနိုင်ကြောင်း သိမြင်၏။ အလိမ်အကောက် အညာအလှိုင်းဖြင့် ဖြတ်လမ်းက နာမည်ကောင်းရချင်၍ မဖြစ်နိုင်။ ဂုဏ်သတင်းသည် ပန်းရနံ့ထက် ပိုမိုသင်းပျံ့၏။ လေညာလေအောက် အကုန်ရောက်၏။ လူ့သတင်း လူချင်းဆောင်တတ်သဖြင့် ကိုယ်ကျင့်သီလ စာရိတ္တသည် အဓိကကျလေသည်။ သင့်ကိုယ်သင် မှန်ထဲမှာ ကိုယ်လုံးပေါ်အောင် ကြည့်လိုက်ပါ။ ငါ ဘယ်သူလဲ။ သင့်စိတ်နေသဘောထားက သင်ပါပဲ။ ❖**

ဇာမြူလက်နက် စွမ်းအင်ထက်လည်း
မဖက်ပြိုင်ရာ စိတ်ကသာ၏။
လျှပ်ဝါမိုးကြိုး လျင်တန်ခိုးလည်း
တုနှိုင်းဆိုင်လာ စိတ်ကသာ၏။
မဟာသမုဒ် နက်လှဟုတ်လည်း
မယှတ်မှန်စွာ စိတ်ကသာ၏။
ဝါယောအနံ ပျံ့သည်ထက်လည်း
ကဲတက်သချာ စိတ်ကသာ၏။
မဟာပထဝီ လေးသည်ထက်လည်း
စီးသည်ချိန်မှာ စိတ်ကသာ၏။
စွမ်းပါဘိခြင်း သည်စိတ်မင်း။ ။

**တက္ကသိုလ်မောင်သန့်စင်**
**(မြန်မာစာပါမောက္ခ ဦးဇေမောင်**
**ရန်ကုန်တက္ကသိုလ်)**

လူတိုင်းမှာ စိတ်ရှိကြသည်။ မြန်မာလူမျိုးတိုင်းသည် ရိုးရာအစဉ်အလာ အဆုံးအမသဘောထားများအရ လူတွင် စိတ်နှင့်ရုပ် ပါဝင်ဖွဲ့စည်းထားကြောင်း သိမြင်ကြသည်။ လူသည် ကိုယ့်အကြောင်းကို ကိုယ်သိသည်ဟု ထင်မှတ်လေ့ရှိကြပါသည်။ မိမိမှာရှိနေသည့် စိတ်ဟူသောအရာသည်ကား အလွန်တရာ အစွမ်းသတ္တိကြီးမား ဆန်းကြယ်လှသည်ကိုတော့ သိသူ၊ နားလည်သူ ရှားလှပေသည်။ မည်မျှထူးခြားသော စွမ်းအားများရှိကြောင်းကိုလည်း သဘောပေါက်သူ များများမရှိပေ။ စိတ်အကြောင်းက စိတ်ဝင်စားစရာ ကောင်းကြောင်းတော့ လူကြီးရော လူငယ်ပါ လက်ခံပါသည်။ ပညာတတ်များရော ပညာမတတ်သူများပါ အထိုက်အလျောက် သဘောပေါက်ကြပါလေသည်။

စိတ်သည် အာရုံ၌ကျက်စားတတ်သည်။ ထိုအာရုံသိမှတစ်ဆင့် ခံစားမှုရရှိသည်။ ကောင်းသည်ထင်သောအာရုံကို သာယာသည်။ ချိုသော အရသာဆိမ့်သော အရာမှကြိုက်ကြသည် မဟုတ်ပေ။ ပူစပ်ပူလောင် ခံစားရသော ငရုတ်သီးတို့၊ ခါးသောအရသာရှိသည့် အရက်၊ လက်ဖက်၊ ကြက်ဟင်းခါးသီး စသည်တို့ကိုလည်း အလေ့အထအရ ကောင်းသည်ထင်ပြီး သောက်နေသူ၊ စားနေသူတွေ ရှိပေသည်။ မိမိကို နာကျင်စေသော၊ မနှစ်မြို့စေသော ခံစားမှုပေးသည့် အရာများကိုကား ရှောင်ရှားသည်။ ရှောင်ဖယ်သည်။ နှစ်သက်မှု၊ လက်မခံလိုမှုပေါ်မူတည်၍ ခွဲခြားဆုံးဖြတ်လေ့ရှိသည်။

**မိမိကြိုက်သောအရာ သုခ= Pleasure**
**မိမိမလိုလားသောအရာ ဒုက္ခ= Pain**

လူသည် မိမိအာရုံနှစ်သက်ကျက်စားရာနောက်သို့ လိုက်ပါတတ်သော သဘောရှိသောကြောင့် အရက်သမားများ၊ ဘိန်းစားများ၊ မူးယစ်ဆေးစွဲသူများ၊ ဟီးရိုးအင်း၊ အိုက်စ်၊ ယာဘစသည့် ဆေးပြားအမျိုးမျိုးဖြင့် ယစ်မူးပျော်ပိုက်သူတွေ ရှိနေခြင်းပင်မဟုတ်လော။

အာရုံ၏ဆွဲဆောင်မှုကြောင့် တင်ကျီးငှက်၊ ခို၊ ဆက်ရက်၊ စာ၊ ကျီး အစရှိသော ငှက်အမျိုးမျိုးတို့သည် ထောင်ချောက် သို့မဟုတ် ပိုက်ကွန်အတွင်းသို့ သက်ဆင်းကြသည့်နည်းတူ လူသည်လည်း စွဲမက်မိသောအာရုံအတွက် အသက်သေချင်သေပါစေ စွဲလမ်းလိုက်ပါစမြဲသာ။ စွဲအောင်မြူဆွယ်သော နည်းလမ်းပရိယာယ် အတတ်ပညာတွေကလည်း ယခုခေတ်အခါမှာတော့ ပေါများလှပါဘိ။

စိတ်ဟူသောဝေါဟာရသည် မြန်မာစကားလုံး မှန်သော်လည်း ပါဠိဝေါဟာရမှ ဆင်းသက်ရွေ့လျားကာ သိမ်းသွင်းအသုံးပြုခဲ့ခြင်းဖြစ်သဖြင့် ပါဠိသက်ဝေါဟာရဟုလည်း မြန်မာစာပညာရှိတို့က သတ်မှတ်ခဲ့ပါသည်။ ပါဠိဝေါဟာရ စိတ္တရံ-အနက်အဓိပ္ပာယ်က ဆန်းကြယ်ထူးဆန်းခြင်း၊ စိတ္တရံမှ စိတ္တ၊ စိတ္တကို စိတ်ဟု မြန်မာမှုပြုခဲ့ခြင်းဖြစ်၏။ လူအများသုံးစွဲနေကြသော သုခ၊ ဒုက္ခ၊ သာခု၊ သောက၊ မေတ္တာ၊ သတ္တဝါ၊ ဒေါသ စသောစကားလုံးအချို့တို့သည် မူရင်းပါဠိဝေါဟာရကိုပင် အစဉ်အဆက် သိမ်းသွင်းအသုံးပြုလာခဲ့ကြခြင်းပင်။ ဘာသာစကားကျယ်ပြန့်ခြင်းသဘောအရ မွန်ဘာသာ၊ ရှမ်းဘာသာ၊ မလေးဘာသာ၊ အင်္ဂလိပ်ဘာသာ စသည်တို့မှ မွေးစားယူသော ဝေါဟာရများကို စာဖတ်သူက သိပြီးဖြစ်ပါမည်။ ဖောင်တိန်၊ ဘောပင်၊ ရေဒီယို၊ တီဗီ၊ ကွန်ပျူတာ၊ လက်တော့၊ တယ်လီဖုန်း စသည် စသည်။

စိတ်က မိမိအပါအဝင် မည်သူမဆို လူတိုင်းမှာရှိနေကြသဖြင့် စိတ်အကြောင်းက စိတ်ဝင်စားစရာကောင်းလှသည် အမှန်ပင်။

You are what you think.

**"သင်ဟာ သင့်အတွေးအကြံ(စဉ်းစားပုံ)အတိုင်းပဲ ရှိနေဖြစ်နေခြင်းပါပဲ"**ဟု အနောက်တိုင်း စိတ်ပညာရှင်များက ပြောလေ့ရှိပေသည်။ သင်၏စိတ်အာရုံ ကျက်စားတွေးတောခံယူသည့်အတိုင်း အပြုအမူက လိုက်ပါနေခြင်းပေတည်း။

"ငါဆိုတဲ့ကောင်က ဘယ်သို့ဘယ်ဝါ"ဟု စိတ်ထဲခံယူထားသည်ကို နှုတ်မှထုတ်ဖော်ပြောဆိုခြင်းမျိုးကို ကြားဖူးကြပေလိမ့်မည်။ စိတ်ထဲတွင်ရှိသော ခံယူချက်၊ အမြင်သဘောထားတန်ဖိုး စသည်တို့ကို စကားအနေနှင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ လုပ်ဆောင်ချက်ဖြင့်ဖြစ်စေ လူကဖော်ပြနေစမြဲဖြစ်ပါသည်။ ကြံ့ခိုင်သန်မာသောလူ၏ခန္ဓာထဲတွင် သန်စွမ်းသော စိတ်ဓာတ်လည်း ရှိတတ်သည်။ မကျန်းမမာ နာကျင်ညှိုးငယ်နေသောရုပ်နှင့် လူနာတစ်ဦးတွင် အားငယ်ပျော့ညံ့သောစိတ်သာ ရှိနိုင်ပါလိမ့်မည်။

စိတ်ကိုတိုက်ရိုက်မမြင်ရသော်လည်း သူပြောသောစကား၏လေသံ၊ ဟန်၊ မာန်၊ စကားလုံး၊ အတိုးအကျယ်၊ အနေးအမြန်စသည်တို့က သူ့စိတ်နေကို ဖော်ပြနေကြသည်။ ပြောပုံဆိုပုံ၊ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ၊ ဂိုက်ဆိုက်၊ ခေါင်းအနေအထား၊ လက်အနေအထားစသည်တို့သည်လည်း သူ့ကိုယ်သူ ယုံကြည်စိတ်ချပုံရသလား၊ မယုံမရဲနှင့် ကြောက်ရွံ့ထိတ်လန့်နေသလား၊ စိတ်ဓာတ်တက်ကြွနေသလား၊ စိတ်ဓာတ်ကျနေသလား အကဲခတ်၍ရနိုင်လေသည်။

မိမိ၏စိတ်ကို ထိန်းကျောင်းပြောင်းလဲခြင်းအားဖြင့် စိတ်အာရုံ၏ကြည်လင်ဖြူစင်ခြင်း၊ စိတ်တွင်လောဘ၊ ဒေါသ၊ မနာလို၊ ဝန်တိုခက်ထန်ခြင်းများ ဖုံးလွှမ်းမှု စသည့် ယာယီစိတ်နေသဘောထားများသည် မည်သို့ပင်ဖုံးကွယ်လိမ်ညာစေကာမူ ပေါ်နေတတ်ပေသည်။ ဖုံးရန်မလွယ်ကူပေ။

စိတ်သဘောထားသည် အရေးကြီးလေသည်။ သဘောထားသည် အရာရာကို ဖန်တီးပေသည်။ လူ၏သဘောထားအမြင်ကပင် သူ့ကိုမြင့်မားစေသည်။ အောင်မြင်ထူးချွန်စေသည်။ ထိုသူ၏သဘောထားအမြင် သေးသိမ်နိမ့်ကျမှုကြောင့်ပင် ကျဆုံးရှုံးနိမ့်တတ်လေသည်။ စိတ်ကရွေးချယ်သည့်လမ်းအတိုင်းသာ ပေါက်ရောက်သွားစမြဲတည်း။

အစစအရာရာအားလုံး အဆင်ပြေသည်ဟူသော အခြေအနေ အချိန်အခါကတော့ နေရာတိုင်း၌ မရှိနိုင်ပေ။ အချိန်တိုင်းလည်း မရရှိနိုင်ချေ။

မပြည့်မစုံနှင့်၊ အတားအဆီးအခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးနှင့်၊ ပြဿနာအထွေထွေ၊ စွန့်စားရမှုအဖုံဖုံကြားကပဲ မိမိစိတ်ကို တည်တည်ငြိမ်ငြိမ် ရဲရဲဝံ့ဝံ့ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရမည်ဖြစ်လေသည်။ မိမိစိတ်ကို မိမိကိုယ်တိုင်က ကျောသပ်ပြီး **"အားတင်းထားဟေ့"**ဟု အားပေးရမည်ဖြစ်ပါ၏။

**"အခက်အခဲ ရှိစမြဲတည်း။**
**ဆင်းရဲဒုက္ခ ရင်းတည်မှလျှင်**
**သုခအကျိုး ဆဆတိုးလိမ့်။"**

စာရေးသူ အထက်တန်းကျောင်းသားဘဝအရွယ်က ကျက်မှတ်ထားပြီး အားတင်းရသော သုံးကြောင်းကဗျာလေးဖြစ်ပါသည်။ ဘယ်သူရေးသည့် ဘယ်စာအုပ်ထဲကလဲ မမှတ်မိတော့သော်လည်း မိမိကို များစွာအားတက်စေခဲ့ပါ၏။

အလယ်တန်းကျောင်းသားအရွယ်လောက်တွင် **စာရေးဆရာပီမိုးနင်း (၁၈၈၃-၁၉၄၀)** ရေးသော စာအုပ်များကို စတင်တွေ့မြင်ဖူးသည်။ ပီမိုးနင်း၏ စာအုပ်များသည် ဝါကျတိုတို၊ အဓိပ္ပာယ်လွယ်လွယ် ရှင်းရှင်းနှင့် နားလည်လွယ်သည့်အပြင် ခွန်အားပါသည်။ အားတက်စရာကောင်းသည်။ သဘာဝယုတ္တိ၊ သာဓကယုတ္တိ၊ အာဂမယုတ္တိ၊ ပသာဒယုတ္တိတို့ဖြင့် ဖတ်လို့ကောင်း၊ မှတ်လို့ကောင်းသည်။ ပီမိုးနင်း စာအုပ်ထဲက အကြောင်းအရာများ၊ အချက်အလက်များကို မှတ်သားမိသလောက် အပေါင်းအသင်း သူငယ်ချင်းများကို ပြန်လည်ပြောပြသောအခါတွင်လည်း သူတို့က သဘောကျနှစ်သက်ကြ၏။ ဖတ်လိုက်၊ မှတ်လိုက်၊ ပြန်ပြောပြ ရှင်းပြလိုက်နှင့် မိမိအတွက် အချို့အချက်များသည် စွဲမြဲစွာခံယူလာမိလေသည်။ **ဘဝတိုက်ပွဲ**ဟူသော ဆရာကြီးပီမိုးနင်းပုံ၊ ပန်းချီဦးသောင်းဟန် လက်ရာပုံတူဖြင့် စာအုပ်ကလေးသည် စာရေးသူအတွက် လက်စွဲပမာဖြစ်ခဲ့ပါ၏။ ဦးကြီးခင်တို့၏ မြန်မာပြည်စာအုပ်တိုက်က ထုတ်ဝေ၍ ၁ ကျပ် ၂၅ ပြားတန်ဖိုးရှိ၏။ မိမိအစ်ကိုဝမ်းကွဲ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးကျောက်ဒိုးက မိမိကြိုက်မှန်းသိသဖြင့် လက်ဆောင်ပေးခဲ့၏။

**လူဆိုသည်မှာ မိမိကိုယ်ကို စိတ်ကမြင့်လျှင် မြင့်၏။ မိမိကိုယ်ကို စိတ်ကနိမ့်လျှင် နိမ့်ကျနေ၏။** လူနေချုံကြားဖြစ်ပါစေ အရေးမကြီးလှချေ။ **စိတ်နေဘုံဖျား။** စိတ်ကိုတော့ အထက်တာဝတိံသာဘုံ ထိပ်ဆုံးအဖျားမှာ ရှိပါစေဟူသော သဘောမျိုးတွေ ဖတ်ရ၏။

ဒုတိယတန်းကျောင်းသားအရွယ်မှစ၍ ကျေးဇူးရှင်ဖခင် အလယ်တန်းပြဆရာ၏ လေ့ကျင့်ပေးခြင်းဖြင့် ကာတွန်း၊ ရုပ်ပြ၊ သတင်းစာ၊ မဂ္ဂဇင်း တွေ့သမျှ စာအုပ်ကို စိတ်ဝင်စားတတ်၏။ စာဖတ်ကျင့်ခဲ့ရ၏။ အစ်ကိုဝမ်းကွဲ အထက်တန်းပြ(အင်္ဂလိပ်စာ အသင်အပြကောင်းကြောင်း ထိုအချိန်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ချောက်မြို့မှာ နာမည်ထင်ရှားကျော်ကြားသူ) ဆရာဦးချစ်ကြွယ်က သူစုဆောင်းသိုမှီးခဲ့သော သစ်သားသေတ္တာလေးလုံးထဲမှစာအုပ်များကို သဘောရှိ ကြိုက်သလောက်ယူဖတ်ခွင့်ပြုခဲ့ပါ၏။ အစ်မဝမ်းကွဲ ဒေါ်အုန်းလှက သူစုဆောင်းထားသော ရှုမဝ၊ မြဝတီ၊ နဝဒေး၊ တိုင်းရင်းမေ၊ ယုဝတီ၊ သွေးသောက်၊ ထိုခေတ်ကာလ မဂ္ဂဇင်း၊ ဂျာနယ်များကို ဖတ်ခွင့်ပေးခဲ့၏။ စာအုပ်ကို ရှိသေမှုကြိုက်၏။ စာဖတ်များလာသောအခါ မိမိ၏ဘဝခရီးမှာ သွားရမည့်လမ်းကြောင်းကို ကြည့်ခြင်းထက် ရောက်ရမည့်ပန်းတိုင်ကို မျက်ခြည်မပြတ် အာရုံပြုရမည်ဖြစ်ကြောင်း နားလည်ခံယူမိပါ၏။

လမ်းကြောင်းတစ်လျှောက်တွင် အဆိုး၊ အကောင်း၊ အဆင်း၊ အတက်၊ အဖြောင့်၊ အကောက်တွေကတော့ တွေ့ရလိမ့်မည် ဓမ္မတာ။

လူတိုင်းက ကိုယ့်ပန်းတိုင်ကို ကိုယ်ရွေးရပါ၏။ စွမ်းဆောင်နိုင်မှုဖြင့်သာ အောင်မြင်မှုကို ရနိုင်ကြောင်း သိမြင်လာပါ၏။ မိမိကိုယ်တိုင် ဖွဲလုံ့လဝီရိယဖြင့် နံနက်စောစောထ၊ သူများမနိုးမီ စာကျက်ရမည်ကို သိခဲ့၏။ စာတော်မှ လူရာဝင်မည်ကို လက်တွေ့ နားလည်ခဲ့၏။

ကျောင်းသားဘဝတွင် စာတော်ခဲ့ခြင်း၊ ဆရာများ၏ အသိအမှတ်ပြုခံရခြင်းမှာ အတန်းထဲက အခြားကျောင်းသားများထက် ပြင်ပဗဟုသုတ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ပီမိုးနင်း၊ မဟာဆွေ၊ ရွှေဥဒေါင်း၊ ဇူဝံ၊ ဒဂုန်ရွှေမျှား၊ နတ်နွယ်၊ မင်းကျော်၊ ကျော်အောင်၊ မိုးဝေ စသည်တို့၏ ဘာသာပြန်ဝတ္ထုစာအုပ်များ၏ ကျေးဇူးဖြင့် မြင်ကွင်းပိုကျယ်ကျယ် မြင်တတ်သောကြောင့်ဟု ထင်မိပါသည်။

သူငယ်ချင်းများက စာသင်ခန်းအတွင်းက လူလေးဆယ်လောက်ပဲ သိမြင်ဖူးကြ၏။ မိမိက အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ အင်္ဂလန်၊ ဂျာမန်၊ ပြင်သစ် ဇာတ်ကောင်လူမျိုးပေါင်းစုံ၏ ရဲရင့်ပုံ၊ မိုက်ကန်းပုံ၊ တော်ပုံ၊ ညံ့ပုံ၊ ကောင်းပုံ၊ ကောက်ကျစ်ညစ်ပတ် အငြိုးကြီးတတ်ပုံတွေ ဖတ်ဖူးသိဖူးနေပြီ။ လူအမျိုးမျိုး စိတ်အထွေထွေ တွေ့ခဲ့ဖူးပြီ။ ဝတ္ထုရှည်ဇာတ်ကောင်များသည် ရုပ်ရှင်ကြည့်ရသလိုပင် အသက်ရှင်စွာ မိမိရှေ့မှောက်မှာ ရယ်ကြ ငိုကြ ပြောဆိုပြကြပါ၏။ စာဖတ်ခြင်းနှင့်မွေ့လျော်တတ်လာသောအခါ မိမိဘဝအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းအောင် စဉ်းစားတွေးခေါ်လျက် ဖတ်ရမည်ဟု သိလာခဲ့၏။ သူငယ်ချင်းတွေမှာ စာသင်ခန်းထဲက ဆရာ၊ ဆရာမတို့ သင်ပြပေးသောစကားကို ကြားနေရသော်လည်း စာရေးသူကား စာအုပ်ပေါင်းများစွာထဲမှ ခေတ်ပေါင်းများစွာ နေရာဒေသများစွာမှ ကျော်စောထင်ရှားသော ဂုရုဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်နေပါ၏။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်၌ မိုးရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီး



**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါ ၅၈၁၄ ဧက ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ချည်မျှင်ရှည်ဝါ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ မတ် ၁ ရက်တွင် ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးလက်ရှိမှာ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေအနေနဲ့ ဝါသီးနှံတွေကို အချိန်မီရိတ်သိမ်းနိုင်ဖို့ စနစ်တကျထားသိုထိန်းသိမ်းတတ်စေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ် ဝါသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဧကကို ၅၃၁ ပိဿာ ထွက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ အရည်အသွေးကောင်းသောဝါသီးနှံများထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ သီးနှံပိုးမွှားကင်းရှင်းရေး စသည့် တောင်သူပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပွင့်ဖြူမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါသီးနှံကို ကန်ပြည့်ကျေးရွာ၊ ကွဲတိကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျစ်ကိုင်းကျေးရွာအပါအဝင် ကျေးရွာ ၁၁ ရွာတို့တွင် ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) ဝါသီးနှံမျိုးများကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံပြီး ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ရာ ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

➤ **စာမျက်နှာ ၄ မှအဆက်**

အဖိုးတန်သောစကားတွေ မှတ်သားနိုင်လေသည်။ တက္ကသိုလ်ရောက်သောအခါ ရာဇဝင်ခန်းမကြီး မြေညီထပ်ရှိ မန္တလေးတက္ကသိုလ်စာကြည့်တိုက်ကြီးနှင့် စိတ်ပညာဌာနရှိ မှန်ဗီရိုကြီးပေါင်း ၂၀ လောက်အပြည့် ပထမမူလဌာနကို စတင်တည်ထောင်ပေးခဲ့သော ဌာနမှူးဆရာကြီး **ဦးခင်မောင်တင့်(စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်)**အင်္ဂလိပ်ဘာသာဖြင့် ၁၉၆၀ ပြည့်နှစ်ကာလ စိတ်ပညာကျမ်းမျိုးစုံ၊ ဒဿနိကဗေဒကျမ်းမျိုးစုံတို့ကို ဖြည့်ဆည်းပေးထားသဖြင့် လေးနှစ်လုံးလုံး လေ့လာဆည်းပူးခွင့်ရခဲ့ပါလေသည်။ ဆရာကြီး၏ ကျေးဇူးတရားကြီးမားလှပါ၏။

လူဆိုသည်မှာ မိမိကိုယ်ကို လေးစားတတ်ရ၏။ မိမိကိုယ်ကို လေးစားလျှင် တန်ဖိုးထားလိမ့်မည်။ ငါသည် တန်ဖိုးရှိသော အဖိုးတန်လူဟု သဘောထားခံယူချက် မိမိကိုယ်ကို သတ်မှတ်ထားသူသည် အားထုတ်ကြိုးစားမှုဖြင့် အများယုံကြည်မှုရရှိအောင် အလုပ်စွမ်းအားဖြင့် နာမည်ကောင်း တည်ဆောက်ယူနိုင်ကြောင်း သိမြင်၏။ အလိမ်အကောက် အညာအလှိုင်းဖြင့် ဖြတ်လမ်းက နာမည်ကောင်းရချင်၍ မဖြစ်နိုင်။

ဂုဏ်သတင်းသည် ပန်းရနံ့ထက် ပိုမိုသင်းပျံ့၏။ လေညာလေအောက် အကုန်ရောက်၏။ လူ့သတင်း လူချင်းဆောင်တတ်သဖြင့် ကိုယ်ကျင့်သီလ စာရိတ္တသည် အဓိကကျလေသည်။ သင့်ကိုယ်သင် မှန်ထဲမှာ ကိုယ်လုံးပေါ်အောင် ကြည့်လိုက်ပါ။ ငါ ဘယ်သူလဲ။ **သင့်စိတ်နေသဘောထားက သင်ပါပဲ။**

ခေါင်းဆောင်မှုအကြောင်း၊ အရောင်းရဆုံးသော စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သူ ဂျွန်စီ၊မက်ဇဝဲဆိုသော အကြံပေးပညာရှင်ကြီးက **"စစ်မှန်တဲ့အောင်မြင်မှုရချင်ရင် အောက်ပါနယ်ပယ်လေးခုမှာ ကျွမ်းကျင်မှုရှိရပါမယ်"တဲ့။**

**၁။ ပေါင်းသင်းဆက်ဆံရေး**

**၂။ သင်ယူလေ့ကျင့်ရေး**

**၃။ ခေါင်းဆောင်မှု**

**၄။ စိတ်နေသဘောထား။**

စာရေးသူကတွေးမိသည်ကို ဖော်ပြခွင့်ပြုမည်ဆိုပါက အထက်ပါနယ်ပယ်လေးခုတွင် ပထမဦးစားပေး ကျွမ်းကျင်သင့်သည့်အရာကား **"စိတ်နေသဘောထား"(Attitude)**ဟု တင်ပြလိုပါသည်။ အရေးကြီးတာကိုအရင်လုပ်ရမည်ဟု စတီဖင်၊ အာရ်ကိုဗီးက (အောင်မြင်ကြီးပွားသူတို့၏ အလေ့အထ ခုနစ်ချက်မှာ) ရေးဖူးသောကြောင့် စေတနာဖြင့် အကြံပြုခြင်းပါ။

စာဖတ်သူက ကိုယ်တိုင်လေ့လာသုံးသပ်၍ နှစ်သက်သလို ဆက်လက်လုပ်ဆောင်ကျင့်သုံးနိုင်ပါသည်။ အောင်မြင်တိုးတက်ပါစေ။

## ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

- နွေရာသီသို့ ရောက်လေပြီ
  ပူပြင်းခြောက်သွေ့သည်၊
  ပြည်တစ်ခွင်ရှိ လူအများ
  မီးဘေးကင်းစင်အား။

- ပွားများရေးရှုကြကာရယ်
  အိမ်နီးဝန်းကျင်ဝယ်၊
  မြက်ချုံနွယ်နှင့်အမှိုက်များ
  ရှင်းလင်းကာဖယ်ရှား။

- မီးရှို့ခြင်းပြုသောအခါ
  မီးတားပြုလုပ်ပါ၊
  မီးကြွင်းကျန်တာ မရှိရေး
  ရေလောင်းငြိမ်းသတ်ပေး။

- ဆေးလိပ်သောက်ပြီး လွှင့်ပစ်ရာ
  မီးငြိမ်းသတ်ကြကာ၊
  စည်းကမ်းရှိစွာ စွန့်ပစ်ခြင်း
  အမြဲတမ်းဆောင်ကြဉ်း။

- အိမ်ရုံးကျောင်းတွင်း တပ်ဆင်ပေ
  မီးကြိုးနှင့်ခလုတ်တွေ၊
  ဟောင်းနွမ်းနေလျှင် လဲလှယ်ရေး
  ကြည့်ရှုကာစစ်ဆေး။

- မီးဘေးဖြစ်ပွားသည့်အခါ
  ဆက်သွယ်နိုင်စေရာ၊
  သက်ဆိုင်ရာ ဖုန်းနံပါတ်များ
  မြင်သာအောင်ရေးထား။

- လေ့ကားသဲအိတ် ရေပုံးတွေ
  မီးချိတ်မီးကပ်တွေ၊
  ကြိုတင်စီမံထားရှိလို့
  မီးဘေးအန္တရာယ် ကင်းစေဖို့
  ဝိုင်းဝန်းကာကွယ်စို့။ ။

**မနောသစ်(ပခုက္ကူ)**

# နိုင်ငံတကာ သတင်းများ

## အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံသို့ ကုလအတွင်းရေးမှူးချုပ် တက်ရောက်မည်

နယူးယောက် မတ် ၂

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ မတ် ၄ ရက်တွင်ကျင်းပမည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ပါဝင်တက်ရောက်မည် ဖြစ်ကြောင်း မတ် ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

မတ် ၄ ရက်တွင် ကျင်းပမည့် အာရပ်အဖွဲ့ချုပ် ညီလာခံ၌ ဂါဇာကမ်းမြောင်ပြန်လည်တည်ဆောက်ရေးကို အဓိကထားဆွေးနွေးမည်ဖြစ်သည်။

၁၅ လကြာ ဂါဇာစစ်ပွဲအတွင်း အကြီးအကျယ် ပျက်စီးခဲ့ရသည့် ဂါဇာကမ်းမြောင်ဒေသကို အမေရိကန်နိုင်ငံက လက်လွှဲရယူ၍ အရှေ့အလယ်ပိုင်း၏ ရီဗီးရားဒေသအဖြစ် ပြောင်းလဲတည်ဆောက်မည့် အမေရိကန်အစိုးရ၏ အဆိုပြုချက်ကို အာရပ်နိုင်ငံများက ကန့်ကွက်ထားကြသည်။

ဂါဇာဒေသနှင့် အနောက်ဘက်ကမ်းကို ပါလက်စတိုင်းအစိုးရအဖွဲ့တစ်ဖွဲ့ကအုပ်ချုပ်သည့် တစ်ခုတည်းသော နယ်မြေအဖြစ် သတ်မှတ်သင့်ကြောင်း ကုလအကြီးအကဲက ပြောကြားထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအနေဖြင့် လွတ်လပ်သော၊ အချုပ်အခြာ ပိုင်ဆိုင်မှုရှိသော ပါလက်စတိုင်းနိုင်ငံသစ်၌ ဆက်ရှိရန်လိုကြောင်း ကုလအတွင်းရေးမှူးချုပ်က သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဂါဇာသို့ဝင်ရောက်မှု အစ္စရေးနိုင်ငံ ပိတ်ပင်

ဂျေရုဆလင် မတ် ၂

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများတင်ဆောင်လာသည့် ကုန်တင်ယာဉ်များ ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်ခွင့်ကို အစ္စရေးနိုင်ငံက ယနေ့တွင် ပိတ်ပင်ထားကြောင်း သိရသည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် သက်တမ်းဆက်တိုးရေးအတွက် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား ပြေလည်မှုမရှိဖြစ်နေစဉ် ဂါဇာကမ်းမြောင်ဒေသတွင်းသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ တင်ဆောင်သည့် ယာဉ်များ ဝင်ရောက်မှုကို အစ္စရေးနိုင်ငံက ပိတ်ပင်ထားခြင်းဖြစ်သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို သက်တမ်းတိုးရေးကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်၏ယာယီအပစ်ရပ်ရေး အဆိုပြုချက်ကို လက်ခံထားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ အဆိုပြုချက်အရ မွတ်ဆလင်ဘာသာဝင်များ ဥပုသ်သီလနှင့် ဂျူးလူမျိုးများ၏ အီဂျစ်ကျွန်ဘဝမှ လွတ်မြောက်မှု ပွဲတော်ကာလများ ပြီးဆုံးချိန်ထိ အပစ်အခတ်များ ယာယီရပ်ဆိုင်းထားမည်ဖြစ်သည်။

သို့ရာတွင် ဂါဇာအခြေစိုက်ဟားမတ်စ်အုပ်စုက မူလအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအတိုင်း ဒုတိယအဆင့် အပစ်အခတ်ရပ်စဲရေးကာလကိုဆက်လက်ကောင်အထည်ဖော်ရန် ကြိုးပမ်းမည်ဖြစ်သည်။

ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သော ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပထမအဆင့်မှာ ယနေ့တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဥရုဂွေးသမ္မတအဖြစ် လက်ဝဲယိမ်းနိုင်ငံရေးခေါင်းဆောင် ယာမန်ဒူအော်စီ ကျမ်းသစ္စာကျိန်ဆို



မွန်တီဗီဒီယို မတ် ၂

ဥရုဂွေးသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ဥရုဂွေးလက်ဝဲယိမ်း နိုင်ငံရေးခေါင်းဆောင် ယာမန်ဒူအော်စီသည် မတ် ၁ ရက်က ဥရုဂွေးသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၅၇ နှစ်အရွယ် အော်စီသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ ပြိုင်ဘက်သမ္မတလောင်းကို ရလဒ်ကျဉ်းမြောင်းစွာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

သဘောထားအလယ်အလတ်ရှိသည့် ဥရုဂွေးသမ္မတသစ် အော်စီသည် ခေတ်သစ်လက်ဝဲဝါဒီစီးပွားရေးမူဝါဒသစ်များ ဖော်ဆောင်၍ လူမှုဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့အကြား ဟန်ချက်မညီမှုပြဿနာကို ဖြေရှင်းမည်ဖြစ်ကြောင်း ကတိပေးထားသည်။

ဥရုဂွေးသမ္မတသစ် အော်စီ၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲကို မွန်တီဗီဒီယိုမြို့တော် အက်စ်တီဗက်ဇ်နန်းတော်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့ပြင်သမ္မတအော်စီသည် ဥရုဂွေးပြည်သူများ ရိုသေလေးစားသည့် လက်ဝဲဝါဒီသမ္မတဟောင်း ဟိုဆေးမူကာဂျီ၏ ထောက်ခံမှုရရှိထားသူဖြစ်သည်။

သမ္မတအော်စီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဘရာဇီးသမ္မတ လူလာဒါဆေးဗား၊ ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုနှင့် ချီလီသမ္မတ ဂါဘရီယယ်ဘောရစ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းသို့ရောက်ရှိ

ဆိုးလ် မတ် ၂

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်ကားလ်ဗင်ဆင်အမည်ရှိ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းသို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများ မြင့်တက်နေချိန်တွင် အင်အားပြသည့်အနေဖြင့် အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘော ဘူဆန်ဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံကို ရင်ဆိုင်ရေးအတွက် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် အသင့်အနေအထားရှိကြောင်း ပြသသည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံဘူဆန်ဆိပ်ကမ်းသို့ ယူအက်စ်အက်စ်ကားလ်ဗင်ဆင်ကိုစေလွှတ်ထားခြင်းဖြစ်ကြောင်း အမေရိကန်ရေတပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယူအက်စ်အက်စ် ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘောနှင့်အတူ ပဲ့ထိန်းဒုံးကျည်တင် တိုက်သင်္ဘောတစ်စီးနှင့် ဖျက်သင်္ဘောတစ်စီးတို့လည်း တောင်ကိုရီးယားခရီးစဉ်၌ ပါဝင်ကြောင်း အမေရိကန်ရေတပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့်လအတွင်း မဟာဗျူဟာမြောက် ခရုဇ်ဒုံးကျည်များ စမ်းသပ်မှုကို ကိုယ်တိုင် ကြီးကြပ်ခဲ့သည်။

ယူအက်စ်အက်စ် ကားလ်ဗင်ဆင်၏ ဘူဆန်ခရီးစဉ်သည် ၂၀၂၄ ခုနှစ် ဇွန်လနောက်ပိုင်း အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘောတစ်စီး၏ ပထမဆုံး တောင်ကိုရီးယားခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ယူကရိန်းငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ပူးတွဲရေးဆွဲရန် ဗြိတိန်၊ပြင်သစ်နှင့် ယူကရိန်းတို့ သဘောတူ

လန်ဒန် မတ် ၂

ယူကရိန်းငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ပူးပေါင်းရေးဆွဲ၍ အမေရိကန်နိုင်ငံသို့ တင်ပြရန် ဗြိတိန်၊ ပြင်သစ်နှင့် ယူကရိန်းတို့က သဘောတူထားကြောင်း ဗြိတိန်ဝန်ကြီးချုပ်ကီရာစတမ်မာက ယနေ့တွင်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည့် အိမ်ဖြူတော်ဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ကြား စကားအချေအတင်ဖြစ်ခဲ့ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ်၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် အိမ်ဖြူတော်ဆွေးနွေးပွဲ၌ သမ္မတဒေါ်နယ်ထရမ့်နှင့် စကားအချေအတင် ဖြစ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသို့ မတ် ၁ ရက်တွင် ရောက်ရှိခဲ့ပြီး ဗြိတိန်ဝန်ကြီးချုပ် စတမ်မာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗြိတိန်နိုင်ငံအနေဖြင့် ပြင်သစ်၊ ယူကရိန်းနိုင်ငံတို့နှင့် ပူးတွဲ၍ ယူကရိန်းစစ်ပွဲငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ပူးတွဲရေးဆွဲရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ တင်ပြမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ အစီအစဉ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ကြား ရင်ကြားစေ့ပေးနိုင်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်က သုံးသပ်ထားသည်။

လန်ဒန်မြို့၌ ဥရောပခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကျင်းပ၍ ယူကရိန်းပြဿနာကို ဆွေးနွေးရန် ဗြိတိန်အစိုးရက စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ Lunar Trailblazer လလေ့လာရေးအာကာသယာဉ် လဆီသို့ ဦးတည်ပျံသန်းနေစဉ် စွမ်းအင်ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်နေရ



ဝါရှင်တန် မတ် ၂

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Lunar Trailblazer လလေ့လာရေး အာကာသယာဉ်သည် လဆီသို့ ဦးတည်ပျံသန်းနေစဉ် စွမ်းအင်ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်နေရကြောင်း မတ် ၁ ရက်သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် Lunar Trailblazer အာကာသယာဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် Lunar Trailblazer အာကာသယာဉ်သည် မြေပြင်စခန်းသို့ အချက်အလက်များ ပြန်လည်ပေးပို့ခဲ့သော်လည်း နောက်၁၂နာရီအကြာတွင်စွမ်းအင်စနစ်ပြဿနာတစ်ရပ်ပေါ်လာခဲ့ပြီး အဆက်အသွယ်ပြတ်တောက်သွားကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြေပြင်စခန်းကျွမ်းကျင်သူများက Lunar Trailblazer အာကာသယာဉ်နှင့် အဆက်အသွယ်ပြုလုပ်၍ စွမ်းအင်ပြဿနာကို ဖြေရှင်းရန် ကြိုးစားလျက်ရှိသည်။

Lunar Trailblazer အာကာသယာဉ်ကို လော့ဟိဒ်မာတင်ကုမ္ပဏီက တည်ဆောက်ပေးထားပြီး လပေါ်ရှိရေဓာတ်ကိုရှာဖွေပေးမည့် စူးစမ်းလေ့လာရေး စနစ်နှစ်ခု တပ်ဆင်ထားသည်။

Lunar Trailblazer အာကာသယာဉ်သည် လကမ္ဘာကို ပတ်လမ်းအနိမ့်ပိုင်းမှတစ်ဆင့် လှည့်ပတ်ပျံသန်းနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Astro Forge အာကာသသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အိုဒင်အာကာသယာဉ်ငယ် ပြဿနာတစ်ခုနှင့်ကြုံတွေ့နေ


ဝါရှင်တန် မတ် ၂

အမေရိကန်နိုင်ငံ အခြေစိုက် Astro Forge အာကာသသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အိုဒင်အမည်ရှိ အာကာသယာဉ်ငယ်သည် အမျိုးအမည်မသိရသည့် ပြဿနာတစ်ခုနှင့် ကြုံတွေ့နေကြောင်း မတ်၁ ရက် သတင်းများအရ သိရသည်။

အိုဒင်အာကာသယာဉ်သည် Vestri အမည်ရှိ ဂြိုဟ်သိမ်ကို ဓာတ်ပုံ ရိုက်ကူးလေ့လာရေးအတွက် လွှတ်တင်ထားသော အာကာသယာဉ် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်ကို Astro Forge ကုမ္ပဏီက ဖေဖော်ဝါရီ ၂၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အိုဒင်အာကာသယာဉ်သည် အာကာသဟင်းလင်းပြင်အတွင်း ပျံသန်းနေဆဲဖြစ်သော်လည်း ပြဿနာတစ်စုံတစ်ရာကြောင့် မြေပြင်စခန်းနှင့် အဆက်အသွယ်ပြတ်နေကြောင်း Astro Forge ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။



လက်ရှိအချိန်တွင် Astro Forge ကုမ္ပဏီမှ ကျွမ်းကျင်သူများသည် အိုဒင်အာကာသယာဉ်နှင့် အဆက်အသွယ်ပြန်ရရှိရေးအတွက် ကြိုးပမ်းနေကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၁၂၀ ရှိသော အိုဒင်အာကာသယာဉ်သည် လကမ္ဘာ၏အလွန်အာကာသဟင်းလင်းပြင်အတွင်းသို့ ပျံသန်းမည့်ပထမဆုံးပုဂ္ဂလိကအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အဌမအကြိမ် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေးအေဂျင်စီက ခွင့်ပြု

ဝါရှင်တန် မတ် ၂

Space-X အာကာသနည်းပညာကုမ္ပဏီ၏ အဌမအကြိမ်မြောက် Starship ဒုံးပျံစမ်းသပ်လွှတ်တင်ရေး အစီအစဉ်ကို အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေး အေဂျင်စီ (FAA) က ခွင့်ပြုချက်ပေးလိုက်ပြီဖြစ်ကြောင်း မတ် ၁ ရက်သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် Starship ဒုံးပျံကို အဌမအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်နိုင်ရန် ခွင့်ပြုချက်ပေးလိုက်ပြီဖြစ်ကြောင်း FAA က ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

FAA ၏ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် Starship ဒုံးပျံကို မတ် ၃ ရက်တွင် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် သတ္တမအကြိမ်မြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။

Starship ဒုံးပျံ သတ္တမအကြိမ်မြောက် စမ်းသပ်လွှတ်တင်မှုတွင် ပထမအဆင့် ပင်မဒုံးယာဉ်ဖြစ်သည့် စူပါဟဲဗီးဒုံးယာဉ်မှာ ပစ်စင်ရှိရာသို့ တိကျစွာပြန်လည်ဆင်းသက်နိုင်ခဲ့သော်လည်း ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ လောင်စာရည် ယိုစိမ့်မှုပြဿနာကြောင့် အတ္တလန္တိတ်သမုဒ္ဒရာအထက်၌ ပေါက်ကွဲခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့ဆီသို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တစ်ညတာအိပ်ရေးပျက်ခဲ့လျှင်ပင် လူ၏ခုခံအားစနစ် ထိခိုက်ပျက်ပြားသွားနိုင်

ကူဝိတ် မတ် ၂

တစ်ညတာမျှ အိပ်ရေးပျက်ခဲ့လျှင်ပင် လူ၏ခုခံအားစနစ် ထိခိုက်ပျက်ပြားသွားနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁ ရက်တွင် ပြောကြားသည်။

ညပိုင်း အိပ်ရေးပျက်မှုပြဿနာသည် အဝလွန်မှု၊ နှလုံးရောဂါ၊ ပုံစံ-၂ ဆီးချိုရောဂါများဖြစ်နိုင်ခြေ မြင့်မားလာမှုနှင့် ဆက်စပ်နေသည်ဟု ရှေးယခင်ကပင် ဆေးပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကူဝိတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ညတာအိပ်ရေးပျက်ခဲ့လျှင်ပင် လူ့ကိုယ်တွင်းရောင်ရမ်းမှုပြဿနာရှိလာတတ်ပြီး ဒဏ်ရာများနှင့် ကူးစက်ရောဂါများကို သဘာဝအလျောက် ခုခံတားဆီးနိုင်စွမ်း ကျဆင်းသွားတတ်ကြောင်း သိရသည်။

တစ်ညတာမျှ အိပ်ရေးပျက်ခဲ့လျှင်ပင် ရောဂါပိုးများနှင့် ဗိုင်းရပ်များကို ကာကွယ်ပေးသော မိုနိုဆိုက်(Monocyte) ခေါ် ခုခံအားစနစ်ဆဲလ်များ ကျဆင်းသွားတတ်ပြီး ရောင်ရမ်းမှုကိုတုံ့ပြန်နိုင်သော ပုံမှန်မဟုတ်သည့် ဆဲလ်များ ပေါ်ထွက်လာတတ်ကြောင်း ကူဝိတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ရောင်ရမ်းမှုပြဿနာ အချိန်ကြာမြင့်ခဲ့ပါက ကျန်းမာသည့် တစ်ရှူးများ ထိခိုက်ပျက်စီး၍ ခုခံအားစနစ်၏ အလုပ်လုပ်ပုံအပေါ် အကျိုးသက်ရောက်မှု ရှိလာတတ်ကြောင်း သိရသည်။

ညစဉ် အိပ်စက်နိုင်မှုအရည်အသွေးကို မြှင့်တင်ခဲ့ပါက ရောင်ရမ်းမှုပြဿနာကို လျှော့ချပေးနိုင်သည်ဟု ကူဝိတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## လွန်ကဲပြင်းထန်သည့် အပူချိန်နှင့်ထိတွေ့မှုကြောင့် သက်ကြီးပိုင်းများ၏ ဇီဝသက်တမ်းအိုမင်းမှု မြန်ဆန်နိုင်

နယူးယောက် မတ် ၂

လွန်ကဲပြင်းထန်သည့် အပူချိန်နှင့် ထိတွေ့မှုကြောင့် သက်ကြီးပိုင်းများ၏ ဇီဝသက်တမ်းအိုမင်းမှု မြန်ဆန်လာနိုင်ကြောင်း မတ် ၁ ရက် သတင်းများအရ သိရသည်။


အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာချက်အရ အပူချိန်လွန်ကဲသောနေရာများ၌ နေထိုင်သူ သက်ကြီးပိုင်းများ၏ ဇီဝသက်တမ်းအိုမင်းမှုသည် အအေးပိုင်းဒေသ၌ နေထိုင်သူများထက် ပို၍ မြန်ဆန်လာတတ်ကြောင်း သိရသည်။

လူတစ်ဦး၏ ဇီဝသက်တမ်းအိုမင်းမှုသည် ဘဝသက်တမ်းအိုမင်းမှုထက် ပို၍မြန်ဆန်နေပါက ရောဂါဘယများ ဝင်ရောက်နိုင်ခြေနှင့် အသက်ဆုံးပါးနိုင်ခြေတို့ မြင့်မားလာတတ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ကို ထိတွေ့နေရသည့် သက်ကြီးပိုင်းများ၏ ဇီဝသက်တမ်းအိုမင်းမှုမှာ အေးမြသည့်အရပ်ဒေသ၌နေထိုင်သူ သက်တူရွယ်တူများထက် ပို၍မြန်ဆန်နေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၆ နှစ်နှင့်အထက် သက်ကြီးပိုင်း ၃၆၀၀ ကျော်တို့၏ ဇီဝသက်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO






# နည်းပြအာမိုရင်ကို ထုတ်ပယ်၍ အေဗီလာနည်းပြအမ်မရီနှင့် အစားထိုးရန် မန်ယူအသင်းစီစဉ်လျက်ရှိ

**မန်ချက်စတာ မတ် ၂**

မန်ယူအသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြအာမိုရင်ကို အသင်းမှထုတ်ပယ်ရန်ဆုံးဖြတ်ထားပြီး ၎င်းနေရာတွင် အေဗီလာအသင်းနည်းပြ အမ်မရီနှင့် အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နည်းပြအာမိုရင်သည် မန်ယူအသင်းနှင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလက စတင်လက်တွဲခဲ့ပြီး ပွဲဦးထွက်ပွဲစဉ်များတွင် ရလဒ်ပိုင်းကောင်းခဲ့သော်လည်း ဒီဇင်ဘာ ၅ ရက်တွင် အာဆင်နယ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ၌ ခြေစွမ်းပိုင်းတည်ငြိမ်မှု ရရှိရန် ရုန်းကန်နေရပြီး အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲလေးပွဲသာရရှိခဲ့သဖြင့် ရမှတ် ၃၃ မှတ်သာ ရရှိခဲ့ကာ အဆင့်(၁၄)ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်း တာဝန်ရှိသူများက အာမိုရင်၏ စွမ်းဆောင်မှုကို ဆက်လက် စောင့်ကြည့်နေသော်လည်း ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိပါက ၎င်းကိုရာထူးမှ ထုတ်ပယ်သွားရန် ဆုံးဖြတ်ထားပြီး အေဗီလာအသင်းမှ နည်းပြအမ်မရီနှင့်အစားထိုးရန်ဦးစားပေးပစ်မှတ်ထားနေခြင်းဖြစ်သည်။

နည်းပြအမ်မရီသည် ယခုနှစ်ပြိုင်ပွဲစုံတွင် အေဗီလာအသင်းကို ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တိုက်ရိုက်တက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း ရမှတ် ၄၂ မှတ် ရယူနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် အခွင့်အရေးများရယူပေးနိုင်ခဲ့သောကြောင့် မန်ယူအသင်းတာဝန်ရှိသူများက အာမိုရင်ကို ထုတ်ပယ်၍ ၎င်းနှင့်အစားထိုးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : 90min

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား အကီအနေဖြင့် ပလိုင်းမောက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ထပ်မံဒဏ်ရာရရှိခဲ့သောကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကြောင်း နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။
- အင်တာမီလန်အသင်းကို တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် နာပိုလီအသင်းနည်းပြ ကွန်တီက အသင်းအနေဖြင့် ချန်ပီယံလမ်းကြောင်းပေါ်တွင်သာရှိနေကြောင်း ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဂိုးသမားနူအာ၏နေရာတွင် အစားထိုးရန်အတွက် ဘရိုက်တန်အသင်းမှ ဂိုးသမား ဗန်ဘက်ဂျန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘက်တစ်အသင်းသို့ အငှားချထားသည့် အန်တိုနီကို ပြောင်းရွှေ့ကြေးယူရို သန်း ၅၀ ရရှိပါက ရောင်းချသွားရန် မန်ယူအသင်း စီစဉ်နေကြောင်း သိရသည်။

ML

# လာလီဂါပြိုင်ပွဲတွင် ဘီလ်ဘာအိုကို အေတီကိုအသင်း တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**မက်ဒရစ် မတ် ၂**

လာလီဂါ အမှတ်ပေးပွဲစဉ် ၂၆ အမှတ် ကစားခဲ့သည့် အေတီကိုအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်တွင် အေတီကိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားအဆင့် (၂) သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးဇယားတွင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သာ ဦးဆောင်လျက်ရှိပြီး ပွဲစဉ် ၂၆ အပြီးတွင် အေတီကိုအသင်းက ရမှတ် ၅၆ မှတ်ရရှိခဲ့ကာ ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဘက်တစ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ရမှတ် ၅၄ မှတ်ဖြင့် အဆင့် (၃) နေရာသို့ရောက်ရှိခဲ့ပြီး အေတီကိုအသင်းက အမှတ်ပေးဇယား အဆင့် (၂) သို့ တက်ရောက်နိုင်ခဲ့သည်။

နည်းပြ ဆီမွန်နီအနေဖြင့် လာမည့်ကြားရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက် အဆင့်ကို မြို့ခံပြိုင်ဘက် ဆိုစီဒက်အသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် စိုးရိမ်မှုများရှိနေကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို အနားပေးခဲ့သောကြောင့် အသင်းအနေဖြင့် ဦးဆောင်ဂိုးရရှိရန် ခက်ခဲနေကာ ပွဲကစားချိန် ၅၉ မိနစ်အရောက်၌ တိုက်စစ်မှူး ဆိုးလော့နေရာ၌ အယ်ဗာရက်ဇ်နှင့် အစားထိုးခဲ့သောကြောင့် ကစားအားကောင်းလာပြီး ပွဲချိန် ၆၆ မိနစ်တွင် အယ်ဗာရက်ဇ်က အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူ၍ အသင်းကို အမှတ်ပေးဇယားထိပ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

နည်းပြဆီမွန်နီက "အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကိုသာ အာရုံစိုက်ထားပြီး အနားရခဲ့တဲ့ သုံးရက်အတွင်း ပြင်ဆင်မှုတွေ ပြုလုပ်နေတာပါ။ အဲ့ဒီအတော အတွင်း ကစားသမားတွေရဲ့ လုပ်အားနှုန်းနဲ့ အာရုံစိုက်မှုတွေ လျော့ကျမသွားအောင် ကြိုးစားခဲ့ပါတယ်။ အခုပွဲမှာတော့ အသင်းအနေနဲ့ ကစားပုံကောင်းခဲ့ပေမဲ့ ဘီလ်ဘာအိုရဲ့ ခံစစ်ကြောင့် ဂိုးရဖို့ ခက်ခဲခဲ့သလို နစ်ကိုးဝီလျံနဲ့ အီနာကီဝီလျံတို့အတွဲ အခွင့်အရေးတွေကိုလဲ ကာကွယ်နိုင်ခဲ့လို့ ကံကောင်းခဲ့တာပါ။ဒုတိယပိုင်းမှာ လူစားဝင်ကစားသမား အယ်ဗာရက်ဇ် တန်ပြန်တိုက်စစ်ကနေ အသင်းကို နိုင်ပွဲရယူပေးခဲ့တာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စတီဖာနို့စ်ဆွတ်ခူး

**ဒူဘိုင်း မတ် ၂**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သည့် Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ကနေဒါတင်းနစ်ကစားသမား ဖိလစ်အူကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၆-၃၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

စတီဖာနို့စ်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP 500 တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ပထမဆုံးသော ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ATP 500 တင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဗိုလ်လုပွဲအဆင့်သို့ ၁၂ ကြိမ်တိုင်တိုင် တက်ရောက်ခဲ့ဖူးသည့် စတီဖာနို့စ်အတွက် ပထမဆုံးအနိုင်ရခဲ့သော ဗိုလ်လုပွဲစဉ်လည်းဖြစ်ပြီး စတီဖာနို့စ်အနေဖြင့် ဖိလစ်အူကာအား အနိုင်ရရှိရေးအတွက် ပွဲချိန် မိနစ် ၉၀သာကြာမြင့်ခဲ့ပြီးပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုဖြင့် ထိုက်တန်သော စွမ်းဆောင်ရည်မျိုးကို ပြသသွားနိုင်ခဲ့သည်။



စတီဖာနို့စ်က "ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် တတိယအကြိမ်မြောက်ကြိုးစားခဲ့ခြင်းဖြစ်ပါတယ်။ပထမတစ်ကြိမ်နဲ့ ဒုတိယအကြိမ်မှာတော့ ကြိုးစားမှုမအောင်မြင်ခဲ့ဘူး။ အဲ့ဒီတုန်းက ရင်ဆိုင်ခဲ့ရတဲ့ ပြိုင်ဘက်တွေကလည်း ထိပ်တန်းကစားသမားတွေဆို့တော့ အရမ်းခက်ခဲခဲ့တယ်။ တတိယအကြိမ်မှာတော့ အောင်မြင်ခဲ့ပါပြီ။ ပထမနှစ်ကြိမ် ကြိုးစားမှုမအောင်မြင်ခဲ့စဉ်တုန်းက အဖြစ်အပျက်တွေကို အမှတ်ရနေဆဲပါ။ အခုတော့ကျွန်တော့်ရဲ့ ရည်မှန်းချက်ပြည့်ဝသွားပြီဖြစ်လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားသွားခဲ့သည်။

စတီဖာနို့စ်သည် ၂၀၁၉ ခုနှစ်က ဖိုင်နယ်ပွဲစဉ်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာအား ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ခုနှစ် ဖိုင်နယ်ပွဲစဉ်တွင် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လာမည့်ဘောလုံးရာသီမှစတင်ပြီး ဂိုးသမားများအတွက် စည်းမျဉ်းသစ်တစ်ရပ်အသုံးပြုမည်

**ဇူးရစ်ချ် မတ် ၂**

လာမည့် ဘောလုံးရာသီမှစတင်ပြီး ဘောလုံးပြိုင်ပွဲများတွင် ဂိုးသမားများအတွက် စည်းမျဉ်းသစ်တစ်ရပ်ဖြစ်သည့် ဘောလုံးကို လက်ထဲတွင် ရှစ်စက္ကန့်သာကိုင်ထားနိုင်မည့် စည်းမျည်းသစ်တစ်ရပ်ကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ဘောလုံးအဖွဲ့ အစည်းဘုတ်အဖွဲ့(International Football Association Board)က အဆိုပါ စည်းမျဉ်းသစ်ကို အတည်ပြုခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင် စတင်ကျင့်သုံးသွားမည်ဖြစ်သည်။

နိုင်ငံတကာ ဘောလုံးအဖွဲ့ အစည်းဘုတ်အဖွဲ့ (International Football Association Board) က ပွဲကစားချိန်များတွင် ဘောလုံးလေလွင့်ချိန်များ လျှော့ချနိုင်ရန် အတွက် ဂိုးသမားများအတွက် စည်းမျဉ်းသစ်များကို ရေးဆွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စည်းမျဉ်းသစ်တွင် ကစားသမားများအနေဖြင့် ဘောလုံးကိုလက်ခံရရှိချိန်တွင် လက်အတွင်း အချိန် ရှစ်စက္ကန့်သာ ကိုင်ထားနိုင်မည်ဖြစ်ပြီး ရှစ်စက္ကန့် ထက်ပိုပြီး လက်အတွင်းကိုင်ထားမည်ဆိုပါက ကွင်းလယ်ဒိုင်လူကြီးက ထောင့်ကန်ဘောပြစ်ဒဏ် သတ်မှတ်ပေးရမည်ဖြစ်သည်။

လက်ရှိအချိန် ဘောလုံးလောကတွင် ဂိုးသမားများအနေဖြင့် ဘောလုံးကို လက်အတွင်း အချိန်ကြာမြင့်စွာကိုင်ထားနိုင်ခဲ့ကြပြီး ပွဲစဉ်တစ်ပွဲအတွင်း အနိုင်ရရှိသည့်အသင်းမှ ဂိုးသမားများအနေဖြင့် အချိန်ဆွဲရာတွင် ဘောလုံးကို အချိန်ကြာမြင့်စွာ ကိုင်ထားသည့်နည်းဗျူဟာဖြင့် အသုံးပြုလျက်ရှိနေခြင်းဖြစ်သည်။

လက်ရှိ စည်းမျဉ်းသစ်များအရ ဂိုးသမားများအနေဖြင့် အချိန်ကြာမြင့်စွာလက်အတွင်း ကိုင်ထားနိုင်တော့မည် မဟုတ်သည့်အတွက် အနိုင်ရရှိသည့်အသင်းမှ ဂိုးသမားအနေဖြင့် ဘောလုံးကို ကိုင်ထားနိုင်မည် မဟုတ်သောကြောင့် ပွဲချိန်များလေလွင့်မှု နည်းပါးသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# WBA လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်တွင် ဂါဗွန်တာက လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့




**နယူးယောက် မတ် ၂**

WBA လိုက်ဝိတ်တန်း ကမ္ဘာ့ ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား လာမွန်ရိုရှ်တို့ မတ် ၁ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဂါဗွန်တာက လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

သို့သော်လည်း သရေရလဒ်မှာ အငြင်းပွားဖွယ်ရာ ရလဒ်ဖြစ်ခဲ့ပြီး လာမွန်ရိုရှ်က အနိုင်ရခဲ့သင့်ကြောင်း ပရိသတ်များက သုံးသပ်ခဲ့ကြသကဲ့သို့ လက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများကလည်း သုံးသပ်ခဲ့ကြသည်။

ကိုးချီမြောက်တွင် လာမွန်ရိုရှ်၏ ထိုးချက်ကြောင့် ဂါဗွန်တာလဲကျခဲ့ရပြီး လာမွန်ရိုရှ်က ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း အမှတ်ပေးဒိုင်များကသရေရလဒ်အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ဂါဗွန်တာက လက်ရှိချန်ပီယံဘွဲ့အား ဆက်လက်ထိန်းသိမ်းခွင့်ရခဲ့ခြင်းဖြစ်သည်။

လာမွန်ရိုရှ်က "ကိုးချီမြောက်မှာ အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ကျွန်တော့်ဘက်က အားပါပြင်းထန်တဲ့ ထိုးချက်တွေ၊ ဖိအားပေးထိုးချက်တွေကို ပိုပြီးလုပ်နိုင်ခဲ့ပါတယ်။ စိန်ခေါ်ပွဲကို ကျွန်တော်ကပဲ ဖိအားပေးနိုင်ခဲ့တာပါ။ နောက်တစ်ခုက စည်းမျဉ်းအရ ဒူးထောက်လဲကျသွားတဲ့ လက်ဝှေ့သမား တစ်ယောက်ကို အမှတ်စဉ် ရှစ်ကြိမ်အထိပဲ ရေတွက်ရမယ်ဆိုတဲ့ စည်းမျဉ်းရှိပါတယ်။ ဒါပေမဲ့ ကြိုးဝိုင်းဒိုင်က သာမန်အမှတ်စဉ် ရေတွက်တာမျိုး ပဲလုပ်ဆောင်သွားခဲ့လို့ တကယ်ကို စိတ်ပျက်မိပါတယ်။ အနိုင်ရလဒ်ဟာ ကျွန်တော်နဲ့ သာထိုက်တန်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ရုရှားအသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင်ပြန်လည်ကစားခွင့်ပြု

**မော်စကို မတ် ၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ရုရှားအသင်းကို နိုင်ငံတကာ ပြိုင်ပွဲများတွင် ပြန်လည်ကစားရန်အတွက် ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့ စစ်ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)တို့က ရုရှားအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထုတ်ပယ်ခဲ့သကဲ့သို့ နိုင်ငံတကာ ပြိုင်ပွဲများမှလည်း ထုတ်ပယ်ခဲ့သည့်အပြင် ဥရောပဘောလုံးအဖွဲ့ချုပ်ကလည်း ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲနှင့် ယူရိုပြိုင်ပွဲတို့မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

သို့သော်ယခုအခါတွင်အမေရိကန်သမ္မတ အပြောင်းအလဲဖြစ်ခဲ့ပြီး သမ္မတသစ်အဖြစ် ထရန့်ဖြစ်လာခဲ့ပြီးနောက် ထရန့်က ယူကရိန်းနိုင်ငံကို အထောက်အပံ့များပေးအပ်မှုများကို ပိတ်ပင်ခဲ့သကဲ့သို့ ရုရှားသမ္မတပူတင်နှင့်လည်း တွေ့ဆုံမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း ရုရှားအသင်းအပေါ် ချမှတ်ထားသည့်ပြစ်ဒဏ်များကို ပြန်လည်ဖြေလျှော့ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ကစားခွင့်ပြုခဲ့ခြင်းဖြစ်သည်။



ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုက အမေရိကန်သမ္မတ ထရန့်နှင့် တွေ့ဆုံခဲ့ပြီးနောက် အင်တာဗျူးအစီအစဉ်တစ်ခုတွင် ရုရှားအသင်းအနေဖြင့် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားလိုပါက ပြန်လည်ကစားနိုင်သည်ဟု ပြောကြားခဲ့သော်လည်း ရုရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်က တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

Ref : One Football

Trs : STA

# ဘုန်းမောက်နှင့် ဝုဗ်အသင်းတို့၏ ဖလားပွဲစဉ်သည် အင်္ဂလန်ဘောလုံးလောကတွင် VAR စစ်ဆေးမှုအကြာဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့

**လန်ဒန် မတ် ၂**

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘုန်းမောက်အသင်းနှင့် ဝုဗ်အသင်းတို့ပွဲစဉ်တွင် အလိုအလျောက် လူကျွံဖမ်းယူသည့်စနစ်ကို အသုံးပြုခဲ့သော်လည်း ပွဲချိန်အတွင်း VAR စစ်ဆေးမှုပြုလုပ်ချိန်တွင် ဆုံးဖြတ်ချက်ချမှတ်ရန် ခက်ခဲနေသဖြင့် စစ်ဆေးချိန် ရှစ်မိနစ်ထိ ကြာမြင့်ခဲ့ပြီး အင်္ဂလန်ဘောလုံးသမိုင်းတွင် VAR စစ်ဆေးမှုအကြာဆုံး ပွဲစဉ်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘုန်းမောက်အသင်းက ဦးဆောင်ဂိုးသွင်းယူရရှိချိန်တွင် ဂိုးရေိယာနှင့် ခြောက်ကိုက်သာ ကွာဝေးနေသဖြင့် အလိုအလျောက် လူကျွံဖမ်းယူသည့်စနစ်ကို အသုံးမပြုနိုင်ဘဲ VAR ဒိုင်လူကြီးက ပုံမှန်စစ်ဆေးမှုတိုင်း ပြုလုပ်ခဲ့ရသောကြောင့် စစ်ဆေးချိန် ရှစ်မိနစ်ထိကြာမြင့်ခဲ့ပြီး အဆိုပါသွင်းဂိုးမှာ ခံစစ်ကစားသမား ဟူဂျီဆန်လူကျွံနေသဖြင့် ဂိုးအဖြစ်ခွင့်ပြုပေးခဲ့ခြင်း မရှိကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဘုန်းမောက်အသင်းက အိမ်ကွင်းအားသာချက်ဖြင့် ကစားခဲ့ရသဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု အသာရရှိခဲ့ကာ ပွဲကစားချိန် ၃၀ မိနစ်အရောက်တွင် ခံစစ်ကစားသမား ကာကက်ခ်၏သွင်းဂိုးဖြင့်ဦးဆောင်ဂိုးရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းအရောက်တွင် ချေပဂိုးရရှိရန် တိုက်စစ်မြင့်တင်လာသည့် ဝုဗ်အသင်းကစားပုံကြောင့် ဘုန်းမောက်အသင်း အခက်တွေ့ခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် တိုက်စစ်မှူးကန်ဟာက ချေပဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် ဝုဗ်အသင်း ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ဘုန်းမောက်အသင်း ဂိုးသွင်းယူနိုင်ခြင်း မရှိတော့ဘဲ သရေရလဒ်ကြောင့် အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် ဘုန်းမောက်အသင်းက တိုက်စစ်ကစားပုံမြင့်တင်ခဲ့မှုကြောင့် ဝုဗ်အသင်း ဖိအားပေးခံရသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမရခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ရောက်ရှိခဲ့ပြီး ပင်နယ်တီတွင် ဘုန်းမောက်အသင်းက ဝုဗ်အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဖေဖော်ဝါရီလအတွက် မန်ယူအသင်း တစ်လတာအကောင်းဆုံး ကစားသမားဆုကို ကွင်းလယ်ကစားသမား ဖာနန်ဒက်ဆွတ်ခူး

**မန်ချက်စတာ မတ် ၂**

မန်ယူအသင်း၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို အသင်းခေါင်းဆောင်ဖာနန်ဒက်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက လစဉ်တစ်လတာအကောင်းဆုံးကစားသမားဆုကိုအတွက်ဆန်ခါတင် ကစားသမားသုံးဦး ရွေးချယ်ခဲ့ပြီးနောက် အသင်းပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စိစစ်ရွေးချယ် ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အက်ဖ်အေဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် လက်စတာအသင်းနှင့်ပွဲစဉ်တွင် အသင်းဖော်မက်ဂွိုင်းယား သွင်းယူခဲ့သည့် အရေးပါသည့် သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သကဲ့သို့ အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင်လည်း အသင်းအတွက် အရေးပါသည့် သွင်းဂိုး တစ်ဂိုးကို ဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် အစ်ဗ့်စ်အသင်းနှင့်ပွဲစဉ်တွင်လည်း အသင်းဖော်မက်ဂွိုင်းယားသွင်းယူခဲ့သည့် အရေးပါသည့် အနိုင်ဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် မက်ဂွိုင်းယားကို ကျော်ဖြတ်ပြီး ဖေဖော်ဝါရီလအတွက် အသင်း၏တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# MIU FC အသင်း နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ MIU FC အသင်း နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့နံနက် ၉ နာရီတွင် MH Dream Team အသင်းနှင့် Futsal Chit Thu အသင်းတို့ကစားခဲ့ရာ MH Dream Team အသင်းက ကိုးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲက SGF FC အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီက YRG FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီခွဲက YCDC Marga FC အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီက M2K FC အသင်းနှင့် Winner Soccer FC အသင်းတို့ကစားခဲ့ရာ Winner Soccer FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အပြီးတွင် MIU FC အသင်းသည် ၁၃ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၄၀ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေပြီး MH Dream Team အသင်းကလည်း ၁၀ ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ဆက်လက် ဖိအားပေးလျက်ရှိကြောင်း သိရသည်။

STA



# ရွှေ့ပြောင်းတောင်ယာစနစ်လျှော့နည်းရေး ပြိုင်တူတွန်းအားပေး

**ကျော်မြင့်ဦး(khanti-DOA)**

> ❖ နှစ်စဉ် မိုးဦးအမီ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ကောက်သစ်စားပွဲပြီးချိန်၌ မြေယာခုတ်ထွင်ရှင်းလင်းမီးရှို့မြေသင်းခြင်းလုပ်ငန်း စတင်လုပ်ကိုင်လေ့ရှိသည်။ လက်ရှိ တောင်ယာတွင် သုံးနှစ်ခန့် စိုက်ပျိုးပြီးပါက တောသစ်ထပ်မံရှင်းလင်းကြသည်။ အနည်းဆုံး ငါးနှစ်မှ ခြောက်နှစ်ခန့်ကြာသည့်အခါ ယခင်စိုက်ပျိုးခဲ့သောတောင်ယာကို ထပ်မံခုတ်ထွင်ရှင်းလင်းမီးရှို့၍ စိုက်ပျိုးရန် ပြင်ဆင်ခြင်းအားဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသံသရာလည်နေသည်။ နှစ်စဉ် ဤအချိန်၌ တောတောင်တစ်ခွင် မီးခိုးမြူငွေ့များဆိုင်းနေလေ့ရှိသည်။ ❖

ခန္တီးဒေသသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ရှိ၍ နာဂဒေသပြီးလျှင် ဒုတိယအဝေးဆုံးဒေသဖြစ်သည်။ မိုးကောင်းသောက်ဒေသဖြစ်၍ မြေယာအသုံးချမှုအရ ၂၀၂၅၈၈၈ ဧကရှိသည်။ အသားတင်စိုက်ပျိုးနိုင်သောဧရိယာမှာ ၁၀၆၈၉ ဧက ရှိသည်။ ၎င်းထဲတွင် လယ် ၃၀၁၁ ဧက၊ ကိုင်းကျွန်း ၁၂၂၉ ဧက၊ လှပ်မြေ ၁၇၇ ဧက၊ တောင်ယာ ၅၂၆၈ ဧက ပါဝင်သည်။ ကြိုးဝိုင်း/ပြင် ကာကွယ်တော၊ တောရိုင်း၊ မြေရိုင်း၊ အခြားစိုက်ပျိုးခြင်းမပြုနိုင်သောမြေများ ပါဝင်တည်ရှိသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး ၁၂၂ ရက်တွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်မှာ ၁၅၁ ဒသမ ၀၉ လက်မရှိသည်။ ဆည်၊ မြောင်းတာတမံ၊ မြစ်ရေတင်ခြင်း၊ မြေအောက်ရေလုပ်ငန်းများမရှိ၍ မိုးရေကို အားထားစိုက်ရသည်။ မိုးရွာသည့်ရက်အတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများရှိသည်။

ခန္တီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀ မှ ပေ ၆၅၀၀ ထိ ရှိသည်။ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၈၂ ရွာဖြင့် ဖွဲ့စည်းထားသည်။ မြစ်ရိုးတစ်လျှောက် ကျေးရွာပေါင်း ၂၄ ရွာ တည်ရှိ၍ တောင်ပေါ်ကျေးရွာ ၅၈ ရွာရှိသည်။ ခန္တီးခရိုင်ရှိ စိုက်ပျိုးနိုင်သောဧရိယာမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အခြားခရိုင်များအတွင်းရှိ ကျေးရွာအုပ်စု သုံး၊ လေးအုပ်စု၏ စိုက်ဧရိယာခန့်သာရှိသည်။ လယ်စိုက်ပြီး ကျန်ရှိအစိုဓာတ်ဖြင့် သီးထပ်စိုက်ပျိုးနိုင်ပြီး ယာမြေသီးသန့်မရှိပေ။ နှစ်စဉ်နွေစပါးစိုက်ပျိုးမှုအနေဖြင့် ဧက ၃၀ မှ ၃၅ ဧကထိရှိပြီး အင်းရေကျချိန်နှင့် ရေကျပြီးနောက် စိုက်ပျိုးသော မုယင်းစပါးသာဖြစ်သည်။

ခန္တီးဒေသတွင် ဌာနေတိုင်းရင်းသားများဖြစ်သည့် ရှမ်း၊ နာဂ၊ ချင်း၊ ကချင်၊ ဗမာ၊ ရွှေ့ပြောင်းလုပ်သားများ အတူတကွနေထိုင်လျက်ရှိသည်။ ဒေသအားသာချက်မှာ သဘာဝတရား၏ လက်ဆောင်ဖြစ်သည့် ရွှေနှင့် ကျောက်မျက်ရတနာတူးဖော်နိုင်သော ရွှေမှော်၊ ပယင်းမှော်၊ ကျောက်မှော်လုပ်ငန်းများ တူးဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ရတနာနယ်မြေဖြစ်ခြင်း၊ စိုက်ပျိုးမြေနည်းပါးခြင်း၊ လုပ်သားရှားပါးခြင်း (လုပ်သားအများစုမှာ မျှော်လင့်ချက်များဖြင့် ရွှေတူး၊ ကျောက်တူးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခြင်း)၊ ခေတ်မီလယ်ယာသုံးကိရိယာနည်းပါးခြင်း၊ ကုန်ကျစရိတ်မြင့်မားခြင်းများကို သိရှိရင်ဆိုင်လျက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အထွက်နှုန်းပိုမိုတိုးတက်လာစေရန်၊ ဒေသတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှုတိုးတက်စေရန် အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက်လျက်ရှိပေသည်။

ဒေသခံတိုင်းရင်းသားများမှာ မိရိုးဖလာအရ ဝမ်းစာရေးအတွက် သဘာဝပေါက်သစ်တောများကို ခုတ်ထွင် ရှင်းလင်းမီးရှို့မြေသင်း၍ တောင်ယာစိုက်ပျိုးခြင်း၊ သဘာဝသစ်ဥ၊ သစ်ဖုများရှာဖွေစားသောက်ခြင်း၊ သားငါးအတွက် အမဲလိုက်ခြင်းလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် တောင်ယာများတွင် ဓာတ်မြေဩဇာ၊ ဓာတုပိုးမွှားရောဂါကာကွယ်ဆေးများ သုံးစွဲနိုင်မှုနည်းပါးသဖြင့် သဘာဝအော်ဂဲနစ်စိုက်ပျိုးရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နေသည်။

နှစ်စဉ် မိုးဦးအမီ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ကောက်သစ်စားပွဲပြီးချိန်၌ မြေယာခုတ်ထွင်ရှင်းလင်းမီးရှို့မြေသင်းခြင်းလုပ်ငန်း စတင်လုပ်ကိုင်လေ့ရှိသည်။ လက်ရှိ တောင်ယာတွင် သုံးနှစ်ခန့် စိုက်ပျိုးပြီးပါက တောသစ်ထပ်မံရှင်းလင်းကြသည်။ အနည်းဆုံး ငါးနှစ်မှ ခြောက်နှစ်ခန့်ကြာသည့်အခါ ယခင်စိုက်ပျိုးခဲ့သောတောင်ယာကို ထပ်မံခုတ်ထွင်ရှင်းလင်းမီးရှို့၍ စိုက်ပျိုးရန် ပြင်ဆင်ခြင်းအားဖြင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း သံသရာလည်နေသည်။ နှစ်စဉ် ဤအချိန်၌ တောတောင်တစ်ခွင် မီးခိုးမြူငွေ့များဆိုင်းနေလေ့ရှိသည်။ တောင်ယာခုတ်ထွင်မီးရှို့စိုက်ပျိုးသဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်ယိုယွင်းလာသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်းဖြစ်စေသည်။ နောက်ဆက်တွဲပြဿနာများမှာ ကျန်းမာရေး၊ တောတောင်ပြုန်းတီးခြင်း၊ သဘာဝသားရဲတိရိစ္ဆာန်များရှားပါး၊ မျိုးသုန်းခြင်း၊ ဂေဟစနစ်ယိုယွင်းလာခြင်းကို ဖြစ်ပေါ်စေသည်။

တောင်ယာခုတ်ထွင် စိုက်ပျိုးမှုသည် သုံးနှစ်ခန့်သာ အထွက်ကောင်းပြီး နောက်ပိုင်းတွင် အထွက်များစွာ ကျဆင်းလာသဖြင့် တောင်ယာသစ်ခုတ်ပြန်သည်။ မြေဆီလွှာများကိုပျက်သုဉ်းစေပြီး မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုကျရောက်လာမည်ဖြစ်သည်။ စိုက်ပျိုးသော သီးနှံများ၏ အရည်အသွေးလည်း ကျဆင်းလာနိုင်သည်။ ယခုအခါ ပြည်ပမှ မီးရှို့တောင်ယာတွင် စိုက်ပျိုးထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန် ဝယ်ယူမှုအပေါ် ကန့်သတ်၊ တားမြစ်မှုများရှိလာပြီဖြစ်သည်။

ခန္တီးမြို့တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများက ခရိုင်ဦးစီးမှူး၏ စီမံခန့်ခွဲမှုဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ယိုယွင်းမှု ကာကွယ်ရန်၊ စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုတိုးတက်လာစေရန်၊ ဒေသဝမ်းစာဖူလုံမှုတိုးတက်လာရန် ရည်ရွယ်လျက် စိုက်ပျိုးရေးဌာနရှိ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခေတ်မီတောင်စောင်းစိုက်ပျိုးရေးနည်းစနစ်၊ ကွန်တိုစိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ လက်တွေ့ကွင်းသရုပ်ပြပွဲများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးနည်းစနစ်၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာပေးသင်တန်းများကို အခါအခွင့်သင့်တိုင်း ပြုလုပ်ပေးနေသည်။ ထို့ပြင် နာဂရိုးရာယဉ်ကျေးမှုနှင့် စာပေ(ဗဟို) ဖြင့် ညှိနှိုင်း၍ နာဂရိုးရာ(ဇဂ်လိန်း) ကွင်း၌ နာဂမစ်သင်တန်းတွင် တောင်သူများကို ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်၍ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းပညာ၊ ခေတ်မီတောင်စောင်း၊ ကွန်တိုစိုက်ပျိုးရေးနည်းစနစ်များ ဆောင်ရွက်လာစေရန်အတွက် စာတွေ့၊ လက်တွေ့သင်တန်းများ ပြုလုပ်ပေးခဲ့သည်။

ခန္တီးမြို့နယ် လောင်ပကျေးရွာရှိ ဒေသခံတောင်သူများမှာ ရှေးအစဉ်အဆက် ဆူးထိုးစိုက် (တောင်ယာ)စနစ်ဖြင့် စိုက်ပျိုးခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဒေသဖွံ့ဖြိုးရေးခရီးစဉ်တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုလျှော့ချရေး၊ ဒေသခံတိုင်းရင်းသားများ စားရေရိက္ခာဖူလုံရေး ရည်ရွယ်လျက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အကူဖြင့် ၂၀၂၂ ခုနှစ်တွင် ခန္တီးမြို့နယ် ဆင်သေကျေးရွာအုပ်စု လောင်ပကျေးရွာအနီးတွင် ကုန်းမြင့်လယ်ယာ ဧက ၂၀၀ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

အိမ်နီးချင်းနိုင်ငံများကလည်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ထိန်းချုပ်မှုစောင့်ကြည့်ရေးလုပ်ငန်းများ၊ မီးရှို့တောင်ယာမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများ ဝယ်ယူမှုဆိုင်းငံ့ခြင်း၊ ရပ်တန့်ခြင်းများ စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များမဖြစ်ပေါ်ရေး၊ စိုက်ပျိုးသီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်စေရန်၊ ဒေသဝမ်းစာဖူလုံမှုနှင့် GDP တိုးတက်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့နည်းပညာပေးမှုအပေါ် မျိုးနွယ်စုခေါင်းဆောင်များ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ သက်ရောက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်လျှင် မိရိုးဖလာရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုမှ ခေတ်မီတောင်စောင်း၊ ကွန်တိုစိုက်စနစ်များသို့ ပြောင်းလဲစိုက်ပျိုးလာကြမည်ဖြစ်သည်။

ခန္တီးဒေသ၏ လယ်စိုက်ဧက ၃၀၁၁ အနက် ဆင်းကေရီ (၃) ၂၃၀၂ ဧကလျှင် ၈၇ ဒသမ ၉၀ တင်းနှုန်း၊ ညော့မထ ၆၂၂ ဧကလျှင် ၆၂ ဒသမ ၂၅ တင်းနှုန်း၊ ကောက်ညှင်း ၈၇ ဧကလျှင် ၅၅ ဒသမ ၇၅ တင်းနှုန်း အသီးသီးဖြစ်ပြီး တောင်ယာ ၅၂၆၈ ဧကလျှင် ၅၉ ဒသမ ၅၆ တင်းနှုန်းဖြစ်သဖြင့် စုစုပေါင်း စပါး ၈၂၇၉ ဧကတွင် ၆၇ ဒသမ ၆ တင်းနှုန်း ထွက်ရှိနေသည်။ ပျှမ်းမျှတစ်ဧကအထွက်နှုန်းလျော့နည်းမှုတွင် တောင်ယာစိုက်ပျိုးမှုမှ ဆွဲချနေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သို့အတွက် တောင်ယာစိုက်ပျိုးမြေ ၅၂၆၈ ဧကကို ခေတ်မီတောင်စောင်း၊ ကွန်တိုစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးလာလျှင် တစ်ဧက အနည်းဆုံး ၁၀ တင်းမှ ၁၅ တင်းနှုန်းထိ အထွက်နှုန်းပိုမိုတိုးတက်လာပါက ယနေ့ စားရေရိက္ခာဖူလုံမှု ၉၀ ဒသမ ၁၃ ရာခိုင်နှုန်းထက် ပိုမိုတိုးတက်လာ၍ ဒေသဝမ်းစာဖူလုံမှု ပြည့်စုံသွားမည်ဖြစ်သည်။ ဆက်စပ်အနေဖြင့် အခြားဆီ၊ ပဲဖူလုံမှုလည်း တိုးတက်လာမည်ဖြစ်သည်။ ခန္တီးဒေသတွင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ပိုမိုကောင်းမွန်လာစေရန်နှင့် တိုင်းရင်းသားတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုလျှော့ချရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# မိတ္ထီလာမြို့နယ်ရှိ ကျေးရွာသုံးရွာ၌
# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောမကျေးရွာအုပ်စု တောမကျေးရွာ၊ ကဖြူကျေးရွာအုပ်စု ညောင်ကားယားကျေးရွာ၊ မင်းတဲကုန်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက တောမကျေးရွာ၊ ညောင်ကားယာကျေးရွာနှင့် မင်းတဲကုန်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာသုံးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လစဉ် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများဖြစ်သည့် တောမကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ တောမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၀ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ညောင်ကားယားကျေးရွာနှင့် မင်းတဲကုန်းကျေးရွာတို့ကို နှစ်ရွာတစ်ယူနစ်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးတွင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၁၄၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၂၈ သိန်းကိုလည်းကောင်း ထုတ်ချေးပေးထားကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

# မိတင်စိန် ရုပ်ရှင်ဇာတ်ကားကို မတ်လဒုတိယပတ်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




ရန်ကုန် မတ် ၂

မိတင်စိန် ရုပ်ရှင်ဇာတ်ကားကို မတ်လဒုတိယပတ်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားမှ သရုပ်ဆောင် ဆုထက်ကုဋေက ပြောပြ၍ သိရသည်။

မိတင်စိန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရှင်မိုးက ရေးသားပြီး သီဟစိုးက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝိုင်းက Love + 2 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားသည့် ရုံတင်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် ဇွန်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မကြည့်လိုက်ရတဲ့ပရိသတ်နဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ရုံတင်စဉ်ကလဲ ပရိသတ်တွေ အားပေးမှုများပြားခဲ့တဲ့ အဓိက ဇာတ်ဆောင် မိုးဟေကိုလဲ အကယ်ဒမီ တစ်ပြေးခဲ့တာကြောင့် ဒီဇာတ်ကားကို ဖန်သားပြင်ပေါ်မှာ ကြည့်ရှုအားပေးကြပါအုံး"ဟု သရုပ်ဆောင် ဆုထက်ကုဋေက ပြောပြသည်။

မိတင်စိန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ထွန်းကိုကို၊ ဇော်ဝင်းမောင်၊ မိုးဟေကို၊ ခိုင်နှင်းဝေ၊ ဆုထက်ကုဋေ၊ ခင်မို့မို့အေး၊ ဝင်းမင်းသန့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# အကြိမ် ၅၀ မြောက် ဆီဇာရုပ်ရှင်ဆုပေးပွဲ ထိပ်တန်းဆုများ Emilia Perez ဇာတ်ကားရရှိ

နယူးယောက် မတ် ၂

ပြင်သစ်ရုပ်ရှင် အကယ်ဒမီ၏ အကြိမ် ၅၀ မြောက် ဆီဇာရုပ်ရှင်ဆုပေးပွဲတွင် Emilia Perez ဇာတ်ကားက အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံးဒါရိုက်တာဆုများ ရရှိခဲ့ကြောင်း မတ် ၁ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Emilia Perez ဇာတ်ကားသည် ဆီဇာရုပ်ရှင်ဆုပေးပွဲ၏ အကောင်းဆုံးမှီငြမ်းဇာတ်ညွှန်းဆု၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ပုံဆု၊ အကောင်းဆုံးအထူးပြုလုပ်ချက်များဆုနှင့် မူလဇာတ်ဝင်တေးဆုများကိုပါ ရရှိခဲ့ကြောင်း သိရသည်။

Emilia Perez ဇာတ်ကားသည် နာမည်ကျော်မူးယစ်ဂိုဏ်းခေါင်းဆောင်ဘဝ အနားယူ၍ အမျိုးသမီးတစ်ဦးအဖြစ် ပြောင်းလဲရှင်သန်သူတစ်ဦးကို ကူညီခဲ့ရသည့် မက္ကဆီကိုရှေ့နေတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Emilia Perez ဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ ဂျက်အောဒီးယပ်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး ကာလာဆိုဖီယာဂါစကွန်၊ ဇိုးဆယ်ဒါနာ၊ ဆီလီနာဂိုမက်နှင့် မင်းသား အဂ္ဂါရာမီးရက်တို့ ပါဝင်ထားသည်။

ဂီတဇာတ်မြူးမှုခင်းဇာတ်ကားဖြစ်သော Emilia Perez ဇာတ်ကားသည် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ အော်စကာဆုများ၏ ဆန်ကာတင်စာရင်းများတွင်လည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# The Scenes-II အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် ပြသလျက်ရှိ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery ၌ The Scenes-II အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို မတ် ၁ ရက်မှစတင်ကာ ပြသလျက်ရှိပြီး မတ် ၅ ရက် ထိပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင်ပါဝင်ပြသမည့် ပန်းချီ အောင်စောမင်းက ပြောပြ၍ သိရသည်။

အဆိုပါ The Scenes-II အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် နာမည်ရ ပန်းချီဆရာ ၂၈ ဦး ပါဝင်ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ The Scenes-II လို့အမည်ပေးထားတဲ့ ဝါရင့်ပန်းချီဆရာ ၂၈ ယောက်ရဲ့ Group Art-Exhibition ပြပွဲကို ပြသပေးလျက်ရှိပါတယ်။ ဒီပြပွဲကို မနက် ၁၀ နာရီကနေ ညနေ ၅နာရီ ထိပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ပန်းချီ အောင်စောမင်းက ပြောပြသည်။



အဆိုပါ The Scenes-II အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ Alice Zin၊ အောင်စောမင်း၊ ဂျွန်ဒီမာ၊ ကေသွယ်ဟန်၊ ခင်မောင်၊ ကျော်ဇေယျာမင်း၊ Khual Pi Art၊ လင်းနော်၊ Lunge၊ လင်းစက်၊ မြတ်သုတ၊ မင်းဇင်၊ မိုးလွင်၊ မဝင့်၊ နေလင်းစိုး၊ နေသွယ်၊ အမ်စီအေး၊ ပန်းခြည်၊ စိုးမင်းထွန်း၊ သားငယ်၊ သာလိကာ၊ သန့်လင်းထွန်း၊ သုတမွန်၊ ဝေဖြိုးအောင်၊ ဝေဖြိုးမောင်၊ ဇလုအောင်၊ ဇင်ပိုင်၊ ဇွဲသန့်တည်တို့၏ ပန်းချီကားများ ပါဝင်ပြသထားကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# တေးသံရှင် ရဲသွင်၊ ကောင်းဆက်၊ ဂျီလတ်၊ ဝနတို့၏ Rock Music Show တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ပြုလုပ်မည်




ရန်ကုန် မတ် ၂

ရော့ခ်တေးသီချင်းများဖြင့် ထင်ရှားအောင်မြင်ခဲ့သည့် တေးသံရှင် ရဲသွင်၊ ကောင်းဆက်၊ ဂျီလတ်၊ ဝနတို့၏ Rock Music Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ရဲသွင်က ပြောပြ၍ သိရသည်။

Rock Music Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ မတ် ၈ ရက် ည ၇ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ရော့ခ်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ရော့ခ်သီချင်းတွေကို ပရိသတ်တွေနဲ့ အတူတူသီဆိုကြမဲ့ ရော့ခ်ဂီတညတစ်ညကို ကျွန်တော်နဲ့အတူ ကိုကောင်းဆက်၊ ညီငယ် ဂျီလတ်၊ ဝနတို့နဲ့ ဖြတ်သန်းကြရအောင် Inya Lake Garden မှာ ဆုံကြဖို့ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ရဲသွင်က ပြောပြ၍ သိရသည်။ ASH

# Shadow Force အက်ရှင်ဇာတ်ကားကို ယခုနှစ် မေ ၂ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

နယူးယောက် မတ် ၂

Shadow Force အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ယခုနှစ် မေ ၂ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မတ် ၁ ရက် သတင်းများအရသိရသည်။

အဆိုပါဇာတ်ကားသည် Shadow Force အမည်ရှိ အထူးတပ်ဖွဲ့တစ်ဖွဲ့၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည်။

Shadow Force ဇာတ်ကားကို Smokin' Aces ဒါရိုက်တာ ဂျိုးကာနာဟန်က ရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ကာရီဝါရှင်တန်၊ မင်းသား အိုမာဆိုင်၊ မာ့ခ်စထရောင်းနှင့် ခရွန်ဒွန်တို့ ပါဝင်ထားသည်။

Shadow Force ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိုးကာနာဟန်က ဇာတ်ညွှန်းရေးဆရာ လီယွန်ချေးတို့က ပူးတွဲရေးသားထားကြောင်း သိရသည်။

Shadow Force ဇာတ်ကား ရုံတင်ပြသမည့်ရက်သည် မာဗဲစတူဒီယို၏ Thunderbolts ဇာတ်ကား ရုံတင်မည့်ရက်နှင့်တိုက်ဆိုင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# 141 more illegal foreign nationals detained in Myanmar


141 illegal foreign nationals further detained.

**Nay Pyi Taw March 2**

Through the trilateral cooperation between Myanmar, China, and Thailand, authorities are actively investigating and cracking down on individuals involved in online scams, online gambling, and the foreign nationals behind these operations.

As part of these efforts, 141 foreign nationals, who illegally entered Myanmar through border routes via neighboring countries, including Thailand, were identified and detained today. These individuals were found to have engaged in online gambling and online scams in Myawady-Shwe Kokko, Maehtawthalay, and KK Park areas in Kayin State.

Relevant authorities are working to compile necessary personal information and records systematically to facilitate the swift and lawful repatriation of these individuals to their respective countries. This process is being carried out efficiently, with the aim of completing it within the day.

From January 30 to March 2, 2025, a total of 3,474 foreign nationals who entered Myanmar illegally have been identified and detained. Among them, 757 individuals have already been repatriated to their respective countries through Thailand, in accordance with legal procedures. The remaining 2,717 foreign nationals are being prepared for repatriation and well-managed and cared for as they await repatriation. 100

# Bogale Township dispatches 65,000 bags of broken rice to Yangon Market in January

**Bogale March 2**

Daw Aye Aye, a rice trader from Bogale Township, Pyapon District, Ayeyawady Region, stated that up to 65,000 bags of 24-mark broken rice were exported to the Yangon market in January.

In December 2024, Bogale Township had only been able to ship around 42,000 bags of 24-mark broken rice to Yangon. In January, volume of the broken rice to Yangon increased to 65,000 bags, indicating strong demand from the Yangon market.

"We mainly export broken rice from Bogale Township to the Yangon market. The rice is transported using cargo trucks. Demand started rising significantly from the first week of December, and traders have been continuously exporting without interruption. Since exports are going smoothly without any difficulties, traders are finding it convenient," said Daw Aye Aye.

The price of 24-mark broken rice exported from Bogale to Yangon was reported to be K55,500 per bag. The increased demand has positively impacted rice traders, wholesalers, cargo workers, and truck rental operators, benefiting the entire supply chain.

Kyaw Kyaw Lin


A stockpile of bags of broken rice in a warehouse.

# Yinmabin District harvests over 65,000 acres of winter sesames during winter crop season

**Yinmabin March 2**

A total of 65,089 acres of sesame planted during the winter crops planting season in Yinmabin District, Sagaing Region, have been harvested, according to the Department of Agriculture for Yinmabin District.

In Yinmabin District, 65,089 acres of sesame planted during the winter crops planting season have been harvested, and the sesame planting fields have been harvested since December 2024. To date, 65,089 acres have been harvested, yielding 12.23 baskets per acre.

"Sesame planting has been increasing year by year. It is in a successful position as an oilseed crop," said Daw Myat Moe Win, head of Department of Agriculture for Yinmabin District.

In Yinmabin District, the total area of winter sesames harvested by townships is as per following: 8,024 acres in Yinmabin Township, 21,050 acres in Kani Township, 19,095 acres in Salingyi Township, and 16,920 acres in Pale Township, totaling 65,089 acres.

Farmers who grow crops using the GAP system will benefit from it as crops using the system have better quality and higher prices, which will improve their socio-economic lives.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers finish harvest of pigeon pea in Kyunhla Township

**Kyunhla March 2**

Kyunhla Township Agriculture Department stated that all sown acreage of pigeon pea has been harvested in Kyunhla Township of Sagaing Region.

Local farmers have planted 11,535 acres of pigeon pea in the township. Starting from January this year, they harvested all acreage of pigeon pea, yielding more than 15 baskets of crops.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department stated: "Farmers have harvested cent per cent harvest of pigeon pea on 11,535 acres of croplands. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon pea on separate lands as well as mix-cropped form."

Officials of the Township Agriculture Department raised farmer awareness of using quality seeds, correct agricultural techniques, prevention of pests and boosting per-acre yield.

Moreover, officials of the department shared techniques of making natural fertilizers and pests with farmers to cut cost of cultivation.

206


A pigeon pea plantation.

# Shwebo District plants more than 6,000 acres of sunflower


A thriving sunflower plantation.

**Shwebo March 2**

According to records from the Shwebo District Agriculture Department, sunflower cultivation for the 2024-2025 winter crop season has reached a total of 6,391 acres in Shwebo District of Sagaing Region.

A total of 6,500 acres of sunflower cultivation was planned for this season, with planting starting in October 2024. As of today, 6,391 acres have been successfully cultivated.

"The goal for this winter crop season in Shwebo District is to cultivate 6,500 acres of sunflowers. So far, 6,391 acres have been planted, and efforts are being made to reach the target. Expanding sunflower cultivation helps reduce reliance on imported palm oil, as sunflowers produce more oil per acre compared to other oilseed crops like peanuts and sesame. Moreover, sunflowers are typically grown only in the winter season," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

As of now, a total of 345 acres of sunflower cultivation in Shwebo District was cultivated in Shwebo Township, 1,457 acres in KhinU Township, 4,440 acres in Wetlet Township and 149 acres in Kyaukmyaung, totalling 6,391 acres.

For the 2024-2025 season, Shwebo Township earmarked to grow 425 acres of sunflower, KhinU Township 1,507 acres, Wetlet Township 4,433 acres and Kyaukmyaung 135 acres, totalling 6,500 acres.

To expand sunflower cultivation, the respective township agriculture departments are actively conducting training programs to enhance farmers' knowledge and skills. Additionally, initiatives are in place to provide quality seeds for farmers, sell urea fertilizers at affordable prices and promote seed exchange programmes among farmers.

These efforts aim to boost productivity and reduce dependency on imported edible oils by increasing local sunflower oil production. 206

# Sagaing Township harvests monsoon paddy on all sown acres

**Sagaing March 2**

Local farmers have so far completed harvest of monsoon paddy in Sagaing Township of Sagaing Region, according to the township Agriculture Department.

They grew 26,125 acres of monsoon paddy. They started harvest in November 2024, and so far they have harvested all sown acreage of monsoon paddy, yielding 83.64 baskets per acre.

U Myo Thant Aung, Head of Sagaing Township Agriculture Department said: "Farmers planted 26,125 acres of monsoon paddy in Sagaing Township. They have harvested all acres of monsoon paddy. Officials of our department helped local farmers in growing paddy with necessary techniques and quality seeds."


Monsoon paddy being harvested with the help of machinery.

Officials of the Township Agriculture Department cooperated with local farmers in systematic growing of monsoon paddy.

Agricultural staff shared agricultural techniques with local farmers with prevention of pests and keeping harvested paddy under shelter in time.

Staff of the department join hands with local farmers in growing monsoon paddy with weeding, prevention of pest, removal of different strains of crops and systematic broadcasting of fertilizers in order to increase per-acre yield of monsoon paddy.

206

# Pantanaw Township sends many baskets of Thai Bay Gyar paddy to Yangon market in January

**Pantanaw March 2**

A significant amount of "Thai Bay Gyar" paddy was sold from Pantanaw Township to the Yangon market in January, according to Daw Win Htay, a rice and paddy trader from Pantanaw Township of Ayeyawady Region.

In December 2024, only 40,000 tons of "Thai Bay Gyar" paddy were supplied to the Yangon market. In January 2025, the volume of paddy increased significantly to 74,000 tons.

"Over the past month, we have sent a large quantity of Thai Bay Gyar paddy. Pantanaw Township primarily supplies its agricultural products to the Yangon market. The Thai Bay Gyar variety belongs to the non-premium paddy category. Due to the strong demand from buyers in Yangon, our export volume has increased. Currently, paddy prices are also high, and in the domestic paddy market, there is a strong demand for paddy," said Daw Win Htay.

Over the past month, the price of 100 baskets of "Thai Bay Gyar" paddy from Pantanaw Township ranged up to K1.69 million. This type of paddy is considered to be of high quality.

Kyaw Kyaw Lin

# Pentagon to send about 3,000 additional troops to southern border

**Washington March 2**

The U.S. Department of Defense is sending about 3,000 soldiers to the southern border with Mexico, the Washington Post reported Saturday, quoting U.S. defense officials as saying.

According to the report, U.S. Defense Secretary Pete Hegseth approved the orders on Friday. The forces, including elements of a Stryker brigade combat team and a general support aviation battalion, will arrive along the nearly 2,000-mile border in the coming weeks.

The new troops will "reinforce and expand current border security operations to seal the border and protect the territorial integrity of the United States," the Pentagon said on Saturday.

U.S. President Donald Trump has made border security a top priority. He declared a national emergency at the U.S. border with Mexico on his first day in office in order to comprehensively curb the entry of illegal immigrants.

Xinhua

# Xinhua Headlines: Gaza's future remains elusive as ceasefire talks stagnate

**Gaza March 2**

As the first phase of the Gaza peace deal ended on Saturday and discussions on the second phase have yet to gain momentum, concerns are mounting that the hard-earned and fragile peace could be shattered again, impacting over 2 million people in the besieged coastal enclave.

The future for Gazans remains uncertain, as various proposals have emerged over post-war governance and rebuilding yet none has gained broad acceptance. Despite the instability, many residents have expressed their determination to stay. However, they will continue to endure displacement, destruction and uncertainty.

An Israeli delegation proposed in Cairo extending the first phase of the Gaza ceasefire by 42 days, an informed Egyptian security source told Xinhua on Friday.

However, negotiations have yet to address the second phase of the deal, which seeks to end the war in Gaza and secure Israel's complete withdrawal from the Gaza Strip, the source added.

In response, Hamas said Saturday that the Israeli proposal of extending the first phase of the Gaza ceasefire agreement is "unacceptable," adding that the mediators and guarantor countries are required to oblige the occupation to abide by the agreement in its various stages.

Xinhua


Palestinian people have their iftar meal among destroyed houses on the first day of Ramadan in the northern Gaza Strip town of Jabalia, March 1, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ပြောင်းခြောက်ခုပါလက်နက်ကို တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်အဖြစ်ပြောင်းလဲသုံးရန် တီထွင်



ရုရှားတပ်မတော်သည် ရန်သူ့လေကြောင်းပစ်မှတ်များ အထူးသဖြင့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကြားဖြတ်ဟန့်တား ပစ်ချနိုင်ရန်အတွက် ရေတပ်သုံး အမြန်ပစ်ခတ်နိုင်သော ၃၀ မမ လေယာဉ်ပစ်အမြောက်၊ ပြောင်းခြောက်ခုပါ AK-306 အနီးကပ်လေကြောင်းရန်ကာကွယ်ရေးလက်နက်ကို တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်တစ်ရပ်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန် တီထွင်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆိုရှယ်မီဒီယာပေါ်တွင် ပျံ့နှံ့နေသည့် ဓာတ်ပုံတစ်ပုံတွင် KamAZ-5350(6x6) ခြောက်ဘီးတပ်ယာဉ်ပေါ်၌ အဆိုပါ AK-306 လက်နက်ကို မိုဘိုင်းလေကြောင်းရန်ကာကွယ်ရေး၊ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်အဖြစ် အသုံးပြုနိုင်မှုအလားအလာကို ထုတ်ဖော်ပြသထားကြောင်း သိရသည်။

မူလက ရေတပ်စစ်သင်္ဘောများတွင် အသုံးပြုရန် ဒီဇိုင်းထုတ်ထားသော AK-306 လက်နက်ကို ကြည်းတပ်သုံး စစ်ဆင်ရေးများအတွက် ပြုပြင်မွမ်းမံထားခြင်းဖြစ်ရာ နည်းပညာပိုင်းဆိုင်ရာများကို နည်းဗျူဟာမြောက်စွာ အသုံးပြုလာခြင်းကို ဖော်ညွှန်းနေခြင်းလည်းဖြစ်သည်။ AK-306 လက်နက်သည် တစ်မိနစ်လျှင် ပစ်ခတ်နှုန်းအတောင့် ၁၀၀၀ ထိရှိပြီး အလျင်နှုန်းမြင့်မားသော ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ AK-306 လက်နက်တွင် အသုံးပြုထားသော ၃၀ မမ အမြောက်ကျည်များသည် တစ်စက္ကန့်လျှင် မီတာ ၈၈၀ အလျင်နှုန်းထိ ရောက်ရှိပြီး ဝေဟင်ပစ်မှတ်များကို တိကျစွာနှင့် အဖျက်စွမ်းအားမြင့်မားစွာ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

ရေတပ်လက်နက်ကို မြေပြင်အခြေစိုက် ပလက်ဖောင်းများနှင့် လိုက်လျောညီထွေဖြစ်အောင် အသုံးပြုနိုင်မှုသည် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် မြေမျက်နှာသွင်ပြင်အနေအထားအမျိုးမျိုး၌ ချီတက်တိုက်ပွဲဝင်နိုင်သော ယာဉ်များ တိုးမြှင့်အသုံးပြုလာမှုကို မီးမောင်းထိုးပြလျက်ရှိပြီး မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ၏ခြိမ်းခြောက်မှုအန္တရာယ်ကို တန်ပြန်နိုင်ရန်အတွက် ရွေ့လျား၊ ပစ်အားစစ်ကစားနိုင်စွမ်းနှစ်မျိုးစလုံးကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

KamAZ-5350 ယာဉ်သည် အကြမ်းခံမှုနှင့်လမ်းကြမ်းများ ချီတက်မောင်းနှင်ရာတွင် အခက်အခဲမရှိမှုတို့ကြောင့် လူကြိုက်များ ရေပန်းစားသည်။ ထိုသို့သော လမ်းကြမ်းသုံးယာဉ်ပေါ် ရွေးချယ်တပ်ဆင်ထားခြင်းသည် စနစ်၏ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မြင့်မားကောင်းမွန်စေပြီး ခက်ခဲကြမ်းတမ်းသော မြေမျက်နှာသွင်ပြင် အနေအထားများအပြင် စစ်ဆင်ရေးပတ်ဝန်းကျင် အခြေအနေများ၌ပါ တပ်ဖြန့်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းများ အသုံးပြုမှု မြင့်တက်လာခြင်းကြောင့် ရုရှားတပ်မတော်၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရာတွင် ယခုကဲ့သို့ နှစ်မျိုးသုံး သို့မဟုတ် ဘက်စုံသုံးနိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ရေတပ်သုံး AK-306 လက်နက်ကို ကြည်းတပ်သုံးယာဉ်ပေါ်တွင် ပေါင်းစည်းဖြန့်ကြက်နိုင်မှုသည် အချိန်နှင့်အမျှ ပြောင်းလဲနေသော စစ်မြေပြင်တွင် လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်နိုင်သည့် ဘက်စုံသုံးလေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ ဖြေရှင်းချက်များအတွက် အရေးတကြီး လိုအပ်နေမှုကို ထင်ဟပ်စေလျက်ရှိသည်။

လက်ရှိတွင် ရုရှားသည် ယူကရိန်းအထူးစစ်ဆင်ရေး ဆက်လက်ဆင်နွှဲနေဆဲဖြစ်သဖြင့် ရုရှားနိုင်ငံ၏ KamAZ ခြောက်ဘီးတပ်ယာဉ်တင် AK-306 အနီးကပ် လေကြောင်းရန်ကာကွယ်ရေးလက်နက်များသည် ပိုမိုခေတ်မီဆန်းပြားလာသော လေကြောင်းခြိမ်းခြောက်မှုများကို ခုခံကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။ လက်နက်၏ တစ်မိနစ်ပစ်ခတ်မှုနှုန်းနှင့် အလျင်နှုန်း မြင့်မားကောင်းမွန်ခြင်း၊ လျင်မြန်စွာ ရွေ့လျားတပ်ဖြန့်နိုင်ခြင်းတို့သည် ကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းများကိုတန်ပြန်ရာတွင် ကြောက်မက်ဖွယ်ကောင်းသော တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်တစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Russia Develops Six-Barrel AK-306 Anti-Drone System Mounted on KamAZ Vehicle ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်က PROTEUS Standard 2 တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို တီထွင်ထုတ်လုပ်

ပြင်သစ်တပ်မတော်သည် PROTEUS Standard 2 စနစ်ကို တီထွင်ထုတ်လုပ်ခြင်းဖြင့် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရေးတွင် ခြေလှမ်းသစ်တစ်ရပ် စတင်လုပ်ဆောင်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

53T2 ယာဉ်ဆွဲအောက်ခံပလက်ဖောင်းပေါ်တွင် 20mm AA53 T2 လေယာဉ်ပစ်အမြောက်များ တပ်ဆင်အသုံးပြုထားသည့် ပြင်သစ်တပ်မတော်သုံး Tarasque Type 53 T2 လေယာဉ်ပစ်အမြောက်စနစ်ကို ပြန်လည်ပြုပြင်မွမ်းမံ၍ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး အပေါ့စားလေကြောင်းပစ်မှတ်များနှင့် ဒရုန်းအုပ်များကို လျင်မြန်စွာ တိုက်ပွဲဝင်ဖြန့်ကြက်၍ တန်ပြန်ဖျက်ဆီးနိုင်စွမ်းရှိစေရန် ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် အစောပိုင်းကာလများအတွင်း အမှတ်(၃၅) လေထီးအမြောက်တပ်ရင်းကြီး၌ တပ်ဖြန့်အသုံးပြုနိုင်ရန် စီစဉ်ထားပြီး ပြင်သစ်စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ထိုအဆင့်မြှင့်တင်ရေးဗားရှင်းသစ် PROTEUS Standard 2 စနစ်အတွက် ဝယ်ယူရေးတင်ဒါခေါ်ယူခဲ့ကြောင်း သိရသည်။

ဤလုပ်ဆောင်မှုသည် ခေတ်မီစစ်ဆင်ရေးလိုအပ်ချက်များနှင့် လက်ရှိပိုင်ဆိုင်ထားသော စစ်လက်နက်များကို လိုက်လျောညီထွေဖြစ်အောင် အသုံးပြုနိုင်ရေးအတွက် ပြုပြင်မွမ်းမံရာတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။"

ပြင်သစ် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၏စာချုပ်တွင် PROTEUS Standard 2 တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်၊ ပစ်မှတ်ထားတိုက်ခိုက်မှုအထောက်အကူပြုစနစ်အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် ပေါင်းစပ်အသုံးပြုခြင်းတို့အပေါ် အလေးပေးဖော်ပြထားသည်။ ၎င်းတွင် နေ့ညအသုံးပြုနိုင်သော အနီအောက်ရောင်ခြည်အာရုံခံကိရိယာများ၊ ဉာဏ်ရည်တုဆိုင်ရာ အယ်လဂိုရီသမ်များအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်သော ဒစ်ဂျစ်တယ်ပရိုဆက်ဆာနှင့် အဆင့်မြင့်လုပ်ဆောင်မှုစနစ်များ ပါဝင်မည်ဖြစ်သည်။ ဤသို့အဆင့်မြှင့်တင် ပြုပြင်မွမ်းမံမှုများသည် ဒရုန်းပျံသန်းရာလမ်းကြောင်းကို ပိုမိုကောင်းမွန်စွာ ခြေရာခံထောက်လှမ်းခြင်းနှင့် တိကျစွာပစ်ခတ်နိုင်ခြင်းတို့အတွက် ရည်ရွယ်ဆောင်ရွက်ထားခြင်းလည်းဖြစ်သည်။ အချိန်ကာလအားဖြင့် ပထမဆုံးစနစ် ခြောက်စုံအတွက် သုံးလအတွင်း အပြီးသတ်လုပ်ဆောင်ရန်နှင့် ၂၀၂၆ ခုနှစ်တွင် အစုံ ၅၀ အပြီးသတ်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ထားသည်။ ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ပြင်သစ်တပ်မတော် နည်းပညာဌာနက လအနည်းငယ်အတွင်း တီထွင်ကြံဆခဲ့သော PROTEUS တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် ရှိပြီးသား လက်နက်စနစ်များကို ပြန်လည်ပြုပြင်မွမ်းမံခြင်းဖြင့် လက်တွေ့ကျသော ချဉ်းကပ်မှုနည်းလမ်းကို လိုက်ပါဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**French Army Set to Deploy 50 PROTEUS Anti-Drone Systems to Enhance Defense Against Aerial Threats by 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် မြေပဲ ၆၄၂၆ ဧက နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၆၄ ဒသမ ၅ တင်း ထွက်ရှိ



**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၆၄၂၆ ဧကနုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၄၂၆ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၄ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲ ၆၄၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မော်လမြိုင်ကျွန်း မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် စားတော်ပဲများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ရက်လျှင် ၁၂ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ မှ ၆၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ဒေသတွင်း စားသုံးမှု မြင့်တက်လာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ စားတော်ပဲတွေ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်လက်များကို ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၂ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း မတ် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ၁၁ ကြိမ်မြောက်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပေး လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင် ထံမှ သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင်ကျင်းပသည့် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်





**ပုသိမ် မတ် ၂**

၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူး ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်သူလယ်သမားနေ့အခမ်းအနားမုခ်ဦးဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးပြသထားသည့် အိမ်ခြံဝင်းဟင်းခင်းပဒေသာ (Home Garden)၊ သစ်သီးဝလံပန်းမန် ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ လာရောက်လေ့လာသည့် ရုရှားသံရုံးမှတာဝန်ရှိသူတစ်ဦး၊ RUMA ORGANIC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့နှင့် တွေ့ဆုံပြီး ရုရှားရွက်ဖျန်းမြေဩဇာနှင့် ရုရှားနေကြာမျိုးများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ယင်းနောက် သဘာဝအပင်အာဟာရ ဆေးရည်များ၊ သဘာဝပိုးသတ်ဆေးများ၊ ပင်ကြား ကိုးလက်မ၊ တန်းကြား ၂ ဒသမ ၅ ပေ စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများ၏ ကျေးလက်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မဇင်သူသူထွန်း၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်း၊ မြောင်းမြခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကရင်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မောင်စိုးထက်အောင်တို့၏ တေးသီများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေးထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ ထူးချွန်ဆုရတောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့သည် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပြခန်းများနှင့် လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွ သုံးဆောင်ကြကာ ပညာအလင်္ကာတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရတောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ(Real Live Show) ပြသမှုများကို တက်ရောက်အားပေးပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ကျင်းပသည့် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့် ၁၀ တန်းသွားမျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေးသုတေသနပြခန်းများ အပါအဝင်ပြခန်းစုစုပေါင်း ၅၁ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို မတ် ၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025)တွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆွေးနွေး

**နေပြည်တော် မတ် ၂**

၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပလျက်ရှိသည့် မျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025)ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ပြပွဲတွင် စိုက်ပျိုးရေးပညာရှင်များက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းပညာရပ်များ ရှင်းလင်းဆွေးနွေးပြီး မျိုးဝါစေ့မှ အမွေးများကို အက်စစ်ဖြင့် ချွတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသသည်။



အဆိုပါ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆွေးနွေးပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝါသီးနှံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး နည်းပညာများ၊ သီးနှံများ ရေရရှိရေးဆောင်ရွက်ရန်နည်းလမ်းများနှင့် မြေဆီလွှာ အာဟာရပြည့်မီရေး ဆောင်ရွက်သင့်သည့် အချက်များ၊ အရည်အသွေးကောင်းဝါဂွမ်း ထွက်ရှိရေးအတွက် ဝါကောက်ချိန်တွင် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများက ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် ဝါမျိုးစေ့ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၊ အပင်အာဟာရဓာတ်ရရှိရေးဆောင်ရွက်ရန် နည်းလမ်းများကိုရှင်းလင်းဆွေးနွေးပြီး အပင်ပေါက်နှုန်းပိုမိုကောင်းမွန်စေရေးအတွက် မျိုးဝါစေ့မှအမွေးများကို အက်စစ်ဖြင့်ချွတ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်အား လက်တွေ့ပြသသည်။

ထို့နောက် နေပြည်တော်၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တောင်သူဦးရေ ၃၁၀ နှင့် လေ့လာရေးအဖွဲ့များသည် မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025)တွင် စိုက်ပျိုးပြသထားသည့် သီးနှံစိုက်ကွက်များနှင့် ဝါသီးနှံစိုက်ခင်းများ၊ ဌာနနှင့် ပုဂ္ဂလိကပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြရာ ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များက လိုက်ပါရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်မည့်မြေနေရာနှင့် ရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဆောင်ရွက်မှု လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း လိုက်ပါ၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်မော်ကွန်းတိုက်ရှိ ရုပ်ရှင်ဇာတ်ကားများကို ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ကမ္ဘာအေးဘုရားလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်ရှိအမျိုးသားဖလင်မော်ကွန်း ပြတိုက်တည်ဆောက်ရန် လျာထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဖလင်မော်ကွန်းတိုက်အဆောက်အအုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့်သတင်းမှတ်တမ်းကားများကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းကားများမှာ မြန်မာနိုင်ငံ၏ သမိုင်းယဉ်ကျေးမှုနှင့် ပုံရိပ်များကို မီးမောင်းထိုးပြနေသည့်အရာများဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုသမိုင်းလည်းဖြစ်ကြောင်း၊ ယခင်က ယင်းဖလင်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းနိုင်မှုမရှိခဲ့ခြင်းကြောင့် အချို့သောရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ကို စိတ်မကောင်းဖွယ်တွေ့ရပါကြောင်း။

မိမိတို့တာဝန်ယူချိန်မှစ၍ ဖလင်သန့်စင်စက်များ၊ ဖလင် Scanner စက်များကို ဝယ်ယူပေးခဲ့ပြီး ဖလင်မှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါရုပ်ရှင်ဇာတ်ကားအချို့နှင့် သတင်းမှတ်တမ်းကားအချို့ကို ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းထားနိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်းစနစ်တကျဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဖလင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် ဖြူ မည်း ရုပ်ရှင်ဇာတ်ကား ၁၂ ကား၊ ဆေးရောင်စုံဇာတ်ကား ၁၅၄ ကားနှင့် သတင်းမှတ်တမ်းကား ၂၇၈၁ ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဆင့်မီ အမျိုးသားဖလင်မော်ကွန်းတိုက်ကြီးတစ်ခုတည်ဆောက်၍ စနစ်တကျထိန်းသိမ်းနိုင်ရန် ရည်မှန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သက်တမ်း နှစ် ၁၀၀ ခန့်ရှိသည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံကို ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကိုမြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည့် ရုပ်ရှင်ပညာသင်တန်းများဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းတိုက်တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့်ဆောက်လုပ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank)တို့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးရာတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့က စီစဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအကြောင်းအရာများ၊ နည်းပညာရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေဆိုင်ရာအကြောင်းအရာများကိုထည့်သွင်း၍ ကဏ္ဍစုံအောင်ဖော်ပြပေးနေသည်ကို တွေ့ရပါကြောင်း၊ ၎င်းစာအုပ်များအား ပိုမိုကောင်းမွန်ပြည့်စုံစေရန် စီစဉ်ထုတ်ဝေရမည်ဖြစ်ပြီး ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်ကောင်းများကို ကမ္ဘာသို့ ပျံ့နှံ့ရောက်ရှိစေရေးနှင့် ပြောင်းလဲနေသည့် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် “မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့”ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် နိုင်ငံအတွင်းသာမက ပြည်ပသို့ပါထိုးဖောက်ဆောင်ရွက်၍ ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဖိုရမ်ကြီးတစ်ခုကျင်းပကာ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေကြမည်ဖြစ်ပါကြောင်း၊ ယင်းဖိုရမ်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများကို ဖော်ပြရင်း နိုင်ငံတကာမှ မိမိတို့နိုင်ငံအပေါ် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် မျှော်မှန်းရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက မကြာမီကျင်းပမည့် “၂၀၂၅ အလွန်ဗဟုဝင်ရိုး ကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ”ခေါင်းစဉ်ဖြင့်ကျင်းပမည့်ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုကျွမ်းကျင်သင်တန်းများဖွင့်လှစ်ခဲ့မှု၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ သင်တန်းဖွင့်လှစ်ရန် စီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုကျွမ်းကျင်သင်တန်းများကို နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်အညီဖွင့်လှစ်ရန်၊ သင်တန်းကျောင်းအနေဖြင့် ဒေသ၌ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများနှင့် ကိုက်ညီသည့် ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ သင်တန်းကျောင်းက လေ့ကျင့်သင်ကြားမွေးထုတ်ခဲ့သောသင်တန်းသားများသည် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေသည့် MSME များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်၍ အမှန်တကယ်တတ်မြောက်ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးရန်၊ လေ့ကျင့်သင်ကြားပေးနေသည့် ဘာသာရပ်အသီးသီး၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်၍ ခေတ်နှင့်လျော်ညီမှုရှိအောင်ပြင်ဆင်ရေးဆွဲရန်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့်လုပ်ငန်းများတွင် ကုန်ချောများ အရည်အသွေးကောင်းမွန်ရေးမှာ စက်များကို ကိုင်တွယ်မောင်းနှင်သူများ၏ ကျွမ်းကျင်မှုသည် အရေးပါသဖြင့်စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်နေသဖြင့် အဆိုပါစက်မှုလုပ်ငန်းများအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စက်မှုလက်မှုကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းဖွင့်လှစ်ရန် စာသင်ခန်းမများပြင်ဆင်ထားရှိမှုနှင့် သင်ထောက်ကူ စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၂၅**
၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ် မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ ဦးသန်းဆွေ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ ဦးအောင်သောင်း | အဖွဲ့ခေါင်းဆောင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၄။ ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၅။ ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၆။ ဦးခင်မောင်စိုး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၇။ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၈။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) | အတွင်းရေးမှူး(ငြိမ်း) | ငြိမ်းချမ်းရေးကော်မရှင် |
| ၉။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**ရှေ့ဖုံးမှအဆက်**

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညို ကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများနှင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပရိတ်တော်၊ သုတ်တော်၊ ဒေသနာတော်များ ပါဠိမြန်မာပြန်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက်အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသနဿစ လောကဿ ဝုဍ္ဎိဘဝတု သဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၊ ၃၊ ၄ ရက်တို့အတွက် အစည်းအဝေး အစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွှာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္တရီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒ၊ မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာသနနှင့် စလင်းမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုတို့၏ သြဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၁၃၈၅ ခုနှစ် တပေါင်းလမှ ၁၃၈၆ ခုနှစ် ယနေ့ထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက်ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယကလည်းကောင်း ဖတ်ကြားတင်သွင်း လျှောက်ထားပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု အမှတ်(၂၄၀) ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် မတ် ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

နေပြည်တော် မတ် ၂

ပြည်တွင်းရှိစက်ရုံများ၏ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှ တင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ချန်ပီယံဆုဆွတ်ခူးမှ

ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်၊တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဟီအင်ဂျင်နှင့် မက္ကဆီကိုဂေါက်သီးရိုက်မယ် လိုပက်ဇ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် လိုင်ဒီယာကိုသည် ဒုတိယနေ့မှစတင်၍ ရလဒ်များတိုးတက်လာခဲ့ပြီး တတိယနေ့နှင့် နောက်ဆုံးနေ့တို့တွင်လည်း စွမ်းဆောင်ရည်ကောင်းကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

လိုင်ဒီယာကိုက "နောက်ဆုံးနေ့မကစားမီညက ချန်ပီယံဖြစ်ခဲ့တယ်လို့ အိပ်မက်မက်ခဲ့ပါတယ်။ ချန်ပီယံဖြစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေလို့ပဲဖြစ်ပါလိမ့်မယ်။ နောက်ဆုံးနေ့ပြီးတော့ အိပ်မက်ထဲကလို အမှန်တကယ်ဖြစ်လာခဲ့ပါပြီ။ နောက်ဆုံးနေ့မှာ အကောင်းဆုံးဖြစ်အောင် ပွဲအပေါ်မှာ အာရုံစိုက်ခဲ့ပါတယ်။ တတိယနေ့အပြီး အမှတ်ပေးဇယားကို ကြည့်လိုက်တော့ နောက်ဆုံးနေ့မှာ အကြိတ်အနယ်ကစားရတော့မယ်ဆိုတာ သိလိုက်ရပါတယ်။ ဒါကြောင့်လည်း နောက်ဆုံးနေ့အတွက် ကျွန်မ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခဲ့တာပါ။ အာရှတိုက်ရဲ့ အဓိကဆုဖလားဖြစ်တဲ့ ဒီပြိုင်ပွဲရဲ့ဆုဖလားဟာ ကျွန်မဘဝအတွက် အရမ်းကို စုဆောင်းထားခွင့်ရချင်တဲ့ ဆုဖလားတစ်လုံးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Xinhua

Trs: AZL

☆ ကျောဖုံးမှအဆက်

ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စနစ်တကျစာရင်းကောက်ယူခြင်းလုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၃၄၇၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။ (၅၀၁)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အသည်းရောင်အသားဝါ(အေ)ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

### ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှ ထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့် အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ(ဘီ) သို့မဟုတ် (စီ)ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

### ကာကွယ်နိုင်မည့် နည်းလမ်းများ

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိ ကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန် သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး ၁၀ ရက်ကြာသည်ထိ အစားအသောက်ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ) ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ ၂၀၂၅

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း၌ ၂၀၂၅ ခုနှစ် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂

၂၀၂၅ ခုနှစ် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း၌ ယနေ့နံနက်ပိုင်းတွင် မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သီးနှံစိုက်စွမ်းအားထူးချွန်ဆုရရှိသော ခရိုင်နှင့်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော မြို့နယ်များအား ထူးချွန်ဆုတံဆိပ်၊ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကွင်းအတွင်း၌ ခင်းကျင်းပြသထားသော ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးရေးဦးစီးဌာနပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ညောင်ရွှေခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ RED MOUNTAIN ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့သို့သွားရောက်ကာ ညောင်ရွှေ-အင်းလေး ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရန်နှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသာမက ဒေသန္တရဗဟုသုတများ၊ ဘာသာစကားနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကိုပါ ကျွမ်းကျင်မှုရှိစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရမည် ဖြစ်ပါကြောင်း၊ သတင်းပြန်ကြားရေးကောင်တာတွင် ခရီးသည်များသွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေးစသည့် အချက်အလက်များ၊ ခရီးစဉ်ဒေသ၏မြေပုံများနှင့် ခရီးသွားဧည့်သည်များ သိသင့်သိထိုက်သည့် အချက်အလက်များကို ပြည့်စုံမှန်ကန်အောင်ဖြည့်တင်းဆောင်ရွက်ထားစေလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များ အသုံးပြုနိုင်ရန် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနကဆောင်ရွက်ထားသည့် စက်လှေဆိပ်ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးရေတံခွန်သို့ သွားရောက်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များလာရောက်အပန်းဖြေလည်ပတ်နိုင်ရန်အတွက် ခရီးစဉ်ဒေသအသစ်ဖော်ထုတ်ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။

# ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းစတင်ကပ်လှူ

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းစတင်ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ခဲ့ရာ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လအမှူးပြု၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းတိုက်ဆရာတော်ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန် လမ်းပိုင်းရှိ) လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များ ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ စီလမ်းဆုံတိုးဂိတ်၊ တောင်ငူမီနီတိုးဂိတ်၊ အုတ်တွင်းမီနီတိုးဂိတ်၊ ၁၁၅မိုင် (ဖြူး) တိုးဂိတ်၊ဒရယ်မီးမီနီတိုးဂိတ်၊ ဘောနတ်ကြီးမီနီတိုးဂိတ်၊ အမှတ်(၃)တိုးဂိတ်တို့၏ လမ်းအသုံးပြုခကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တိုးဂိတ်များတွင် တပ်ဆင်ထားသည့် CCTV ကင်မရာများ၊ ကွန်ပျူတာများချို့ယွင်းပျက်စီးမှုမရှိစေရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ တိုးဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့်ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခကောက်ခံရာတွင် CCTV၊ ကွန်ပျူတာစနစ်ဖြင့်သာ ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ လေလွင့်ပျောက်ဆုံးမှုမရှိစေရေး၊ တိုးဂိတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ရန်၊ ကောက်ခံရရှိမှု စာရင်းဇယားများရေးသွင်းရာတွင် ရုံးချုပ်ကသတ်မှတ်ထားသည့် ပုံစံအတိုင်းရေးသွင်းရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တိုးဂိတ်အလိုက် တာဝန်ရှိသူများက ဒုတိယဝန်ကြီးအား တိုးဂိတ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှု၊ CCTV ကင်မရာ၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ကောက်ခံရရှိငွေများစာရင်းရေးသွင်းထားရှိမှု အခြေအနေများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်းမီးလောင်ကျွမ်းခဲ့မှုကို ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း မီးလောင်ကျွမ်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ မတ် ၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊တပ်မတော်ရေသယ်ယာဉ်တစ်စီးတို့နှင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ခေါင်းဒုက္ကာကျေးရွာ ကယ်ဆယ်ရေးစခန်းမှ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ(သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)အဆောင် ၃၄ ဆောင်ရှိ အလျား ၁၁ ပေ၊ အနံ ကိုးပေ(သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) အခန်း ၂၇၂ ခန်း မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၃၁၄ စုနှင့် လူဦးရေ ၂၁၄၉ဦးတို့ မီးဘေးသင့်ခဲ့ရသည်။

ထိုသို့ မီးလောင်မှုဖြစ်ပွားခဲ့သည့် ခေါင်းဒုက္ကာကျေးရွာကယ်ဆယ်ရေးစခန်း မီးလောင်ပြင်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးလောင်မှုကြောင့် ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းဖယ်ရှားနေမှု၊ မီးဘေးသင့်အိမ်ထောင်စုဝင်များအတွက် ယာယီနေထိုင်နိုင်ရန် ရွက်ဖျင်တဲများဆောင်ရွက်နေမှု၊ သောက်သုံးရေများဖြန့်ဝေနေမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မီးဘေးသင့်အိမ်ထောင်စု တစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါဝင်သည့် ပုံးတစ်ပုံးနှုန်းဖြင့် လူသုံးကုန်ပစ္စည်း ၃၁၄ ပုံးထောက်ပံ့ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်းမီးလောင်ကျွမ်းခဲ့မှုကို တွေ့ရစဉ်။





## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်းကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၃ ရက်မှ ၉ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ မတ် ၁ ရက်က ဘိန်းခင်းဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ် ၁ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ခေါ်ပူကျေးရွာ၏အရှေ့ဘက် နှစ်ဖာလုံခန့်အကွာရှိ အမြင့် သုံးပေခန့် ဘိန်းခင်း ဧက ၃၀ ခန့်ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် လွယ်မန်းကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ အမြင့် သုံးပေခန့် ဘိန်းခင်း ၁၁ ဧကခန့်ကို လည်းကောင်း အသီးသီးဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)



**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ












**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာအလုံး ၄၀ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေ ၁၁၂၅၇၈၆၉၄၂ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၇၆၉ တန်၊ အခြားသစ် ၄ ဒသမ ၇၅၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၁၄၇၇၆၃ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၂၅၄၄၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ စက်မှုဇုန်ထုတ် Nidi Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စဉ့်ကိုင်ကတ္တားအကျော်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၂၇၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ပလိပ်လမ်းခွဲ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၁၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၉၆၆၉၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာ တာချီလိတ်-ဝမ်ပုံ ကားလမ်းမပေါ်ရှိ ဦးလီဆောပိုင် ခြံဝင်းအတွင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀ ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တော်ကော့အပြင်ရပ်ရှိ မဝါဝါကျော်ပိုင် ခြံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၂၀ မှ ခန့်မှန်းတန်ဖိုးငွေ ၁၅၀၆၉၀၁၆၄၅ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**












## ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စု ဒိုးဝိုင်းချောင်းကျေးရွာအနီးတွင် မျိုးထက်အောင်(ခ)အရှည်ကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မျိုးဇော်ဦး(ခ)မောင်ပြူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါဆိုင်ကယ် နှစ်စီးပေါ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၅၀၀) သိမ်းဆည်းရမိခဲ့သဖြင့် မျိုးထက်အောင်(ခ)အရှည်ကြီး ၃၃ နှစ်နှင့် မျိုးဇော်ဦး(ခ)မောင်ပြူး ၃၁ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၁၃၂၀ တန်ဖိုးရှိ Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

မတ် ၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်းတွင် နိုင်ကိုဦး မောင်းနှင်ပြီး မနန်းကူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၁၀၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၃၂၀ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် စိတ်ပြောင်းဆေးဝါးများ ရောင်းချပေးသူ မနန်းရှုံ်ဟောင်အား တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် နိုင်ကိုဦး ၂၃နှစ်၊ မနန်းကူ ၂၂ နှစ်နှင့် မနန်းရှုံ်ဟောင် ၂၈ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# နယ်ပယ်ပေါင်းစုံတွင် ဆက်ဆံရေးတိုးမြှင့်ရန်ကြိုးပမ်းနေသောအိန္ဒိယနှင့် အင်ဒိုနီးရှား

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ပရာဘိုဝိုသည် အိန္ဒိယသမ္မတ ဒရူပါဒီမာမူ၊ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၊ ပြည်ပရေးရာဝန်ကြီးဂျိုင်ရှန်ကာအပြင် အခြားသောတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည့်အပြင် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် ၇၆နှစ်မြောက် အိန္ဒိယနိုင်ငံအမျိုးသားနေ့အခမ်းအနားသို့လည်း နိုင်ငံတော်ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ယခင်က အမေရိကန်၊ ပြင်သစ်နှင့် အီဂျစ်သမ္မတတို့အပါအဝင် အရေးပါသောနိုင်ငံခြားရေးဝန်ကြီးများကိုသာ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားခဲ့သည်။ အင်ဒိုနီးရှားခေါင်းဆောင်ကို နိုင်ငံတော်အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားခြင်းအားဖြင့် အိန္ဒိယနိုင်ငံသည် မိုဒီ၏သက်တမ်းကာလအတွင်း အဓိကဦးစားပေးလုပ်ငန်းများ၊ အထူးသဖြင့် နယူးဒေလီ၏အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဘောင်အတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို မီးမောင်းထိုးပြသလျက်ရှိသည်။

အိန္ဒိယ-အင်ဒိုနီးရှားဆက်ဆံရေးသည် ခိုင်မာသောသမိုင်းကြောင်းများရှိနေသည်။ အမှန်တော့ အိန္ဒိယ၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည့် ဂျဝါဟာရယ်နေရူးသည် အင်ဒိုနီရှားနိုင်ငံ၏ပထမဆုံးသမ္မတဖြစ်သည့် ဆူကာနိုကို ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် အိန္ဒိယနိုင်ငံ၏ပထမဆုံး အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားခဲ့သည်။

နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် ပြီးခဲ့သော ၇၅ နှစ်ကတည်းက သိသိသာသာပြောင်းလဲတိုးတက်လာလျက်ရှိသည်။ နှစ်နိုင်ငံသည် ဓနနှင့်အင်အားတောင့်တင်းခိုင်မာ ကြွယ်ဝလာလျက်ရှိသောကြောင့် ကမ္ဘာ့အဆင့်၌ ၎င်းတို့၏အခန်းကဏ္ဍကိုမြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ဒီမိုကရေစီနှစ်နိုင်ငံသည် အားလုံးအကျုံးဝင်ပြီး သာတူညီမျှရှိသော ကမ္ဘာ့အခင်းအကျင်းဖြစ်ပေါ်လာရေး မျှော်မှန်းချက်ကို မျှဝေခံစားလျက်ရှိကြောင်းကို မျက်မှောက်ခေတ်နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးက ပြသလျက်ရှိသည်။

၁၉၅၀ ပြည့်လွန်နှောင်းပိုင်းကာလများတွင် နေရူးနှင့် ဆူကာနိုတို့သည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၌ ထင်ရှားသောခေါင်းဆောင်များဖြစ်ခဲ့သည်။ ၎င်းအဖွဲ့သည် အာရှနှင့်အာဖရိကနိုင်ငံများ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ အမျိုးသားလွတ်လပ်မှုနှင့်အချုပ်အခြာအာဏာ၊ အသားအရောင်ခွဲခြားမှုကိုဆန့်ကျင်ခြင်း၊ နိုင်ငံပေါင်းစုံစစ်စာချုပ်များကို လိုက်နာမှုမရှိခြင်း၊ မဟာအင်အားကြီးနိုင်ငံများ၊ အုပ်စုများ၏လွှမ်းမိုးမှု၊ အထူးသဖြင့် အနောက်တိုင်းကိုလိုနီများ၏လွှမ်းမိုးမှုမှ ဘက်မလိုက်နိုင်ငံများ၏ လွတ်လပ်မှုတို့ကို အလေးထားခဲ့သည်။ လက်ရှိအချိန်တွင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် G-20 ၏ထောက်တိုင်များအဖြစ် ရပ်တည်လာပြီး ကမ္ဘာ့တောင်ခြမ်းနိုင်ငံများအတွက် တိုးမြှင့်ကိုယ်စားပြုခြင်းအပြင် ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်မှုတို့အပါအဝင် များစွာသောကိစ္စများအပေါ် အတူတကွဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဝန်ကြီးချုပ် မိုဒီ၏ အင်ဒိုနီးရှားနိုင်ငံသို့ပထမဆုံး သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ၂၀၁၈ ခုနှစ် မေလတွင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဘက်စုံလွှမ်းခြုံသည့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကိုထူထောင်ခဲ့သည်။ မိတ်ဖက်ဆက်ဆံရေးအရ သဘောတူညီခဲ့သောအဓိကနယ်ပယ်များတွင် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှု၊ ကာကွယ်ရေးစက်မှုလုပ်ငန်းနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ပြီးပြည့်စုံသောစီးပွားရေးမိတ်ဖက်ဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဘုံစိန်ခေါ်မှုများတုံ့ပြန်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်သည်။



မကြာသေးမီက အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့သည့် ပရာဘိုဝို၏ခရီးစဉ်အတွင်း မိုဒီသည် အင်ဒိုနီးရှားနိုင်ငံကို အာဆီယံနှင့် အင်ဒို-ပစိဖိတ်ဒေသတို့တွင် အိန္ဒိယ၏အရေးပါသောမိတ်ဖက်အဖြစ် ရည်ညွှန်းခေါ်ဆိုခဲ့ပြီး နယူးဒေလီ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒနှင့်ညီညွတ်လျက်ရှိသည်။ အိန္ဒိယဝန်ကြီးချုပ်က အိန္ဒိယနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံလုံးသည် ဒေသတစ်ခုလုံးတွင် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊သာယာဝပြောမှုနှင့် စည်းမျဉ်းစည်းကမ်းအခြေခံသောအခင်းအကျင်းတို့ကို ဆက်လက်ထိန်းသိမ်းသွားရန် အခိုင်အမာ ကတိပြုထားကြောင်း ပြောကြားသွားခဲ့သည်။

မိုဒီကမိမိတို့အနေဖြင့် G-20၊ အာဆီယံနှင့် BRICS တို့ကဲ့သို့သော နိုင်ငံပေါင်းစုံပလက်ဖောင်းများတွင် ကမ္ဘာ့တောင်ခြမ်း၌ရှိသောနိုင်ငံများ၏ အကျိုးစီးပွားနှင့် ဦးစားပေးလုပ်ငန်းများအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသွားခဲ့သည်။

မိုဒီအနေဖြင့် အာဆီယံမဏ္ဍိုင်ပြုမှုအပေါ် အိန္ဒိယ၏ထောက်ခံမှုကိုလည်း ထပ်လောင်းပြောဆိုခဲ့ပြီး အရှေ့နှင့်ထိတွေ့ဆက်ဆံမှုအတွက် အရေးပါသောအချက်ကိုလည်း မီးမောင်းထိုးပြခဲ့သည်။ မကြာသေးမီနှစ်များအတွင်း အာဆီယံမဏ္ဍိုင်ပြုမှုသည် ခေါင်းဆောင်များအဆင့် ထိပ်သီးဆွေးနွေးပွဲများအပါအဝင် လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှု(Quad)ယန္တရား၏ အရေးပါသောအစိတ်အပိုင်းလည်း ဖြစ်လာခဲ့သည်။ အိန္ဒိယအတွက်မူ အာဆီယံမဏ္ဍိုင်ပြုမှုကို လက်ခံခြင်းသည် နိုင်ငံပေါင်းစုံနှင့် စည်းမျဉ်းစည်းကမ်းအခြေခံသောအခင်းအကျင်းကို ဖော်ဆောင်သွားမည့် ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။

နှစ်နိုင်ငံအဆင့်၌ အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှကို ၎င်း၏ကာကွယ်ရေးပစ္စည်းတင်ပို့မှုအတွက် ကြီးမားသောဈေးကွက်အဖြစ် ရှုမြင်ထားရှိသည်။ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံထိရရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်ထက် ၃၂ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ မလေးရှားနှင့် ဘရူးနိုင်းနိုင်ငံအပါအဝင် ၂၀၂၄ ခုနှစ်အတွင်း အာဆီယံနိုင်ငံများသို့သွားရောက်ခဲ့သည့် မိုဒီ၏ခရီးစဉ်များသည် ကာကွယ်ရေးပစ္စည်းများရောင်းချရေးအတွက် နယူးဒေလီ၏စိတ်အားထက်သန်မှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ဆက်လက်အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေပြင်မှရေပြင်ပစ်အသံလွန်ခရုဇ်ဒုံးကျည်စနစ်ဖြစ်သည့် BrahMos ဒုံးကျည်ရောင်းချရေးအတွက် အမေရိကန်ဒေါ်လာသန်း ၄၅၀ တန်ဖိုးရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ နည်းပညာလွှဲပြောင်းပေးရေးလုပ်ငန်းစဉ်ကိုစာချုပ်၌ အသေးစိတ်ဖော်ပြသွားနိုင်သည်။

မိုဒီသည် ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပရာဘိုဝိုနှင့်တွေ့ဆုံဆွေးနွေးပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဒုံးကျည်ရောင်းဝယ်ရေးစာချုပ်နှင့်စပ်လျဉ်း၍ အသေးစိတ်ပြောဆိုခဲ့ခြင်းမရှိသော်လည်း ကာကွယ်ရေးအပါအဝင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု၏ရှုထောင့်အမျိုးမျိုးကို မီးမောင်းထိုးပြသခဲ့သည်။ မိုဒီ၏ပြောဆိုချက်အရ နှစ်နိုင်ငံသည် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုနှင့်အရောင်းကွင်းဆက်နယ်ပယ်များတွင် အတူတကွပူးပေါင်းဆောင်ရွက်သွားရန်ဆုံးဖြတ်ထားရှိကြောင်းနှင့် အရေးပါသောလက်နက်များရောင်းချမှုနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြသွားခဲ့ခြင်းမရှိပေ။ အသံလွန်ခရုဇ်ဒုံးကျည်ရောင်းချရေးစာချုပ်သည် အိန္ဒိယ-အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးတိုးတက်ရေးအတွက် အရေးပါသောအစိတ်အပိုင်းအဖြစ် ရပ်တည်သွားလိမ့်မည်ဖြစ်သည်။

ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအပြင် အိန္ဒိယနိုင်ငံသည် ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံမှုနှင့် အကြမ်းဖက်ဝါဒတန်ပြန်တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု၊ အထူးသဖြင့် IS ကဲ့သို့သောအကြမ်းဖက်အဖွဲ့များ၏ခြိမ်းခြောက်လာမှုများဖြေရှင်းရာတွင် အင်ဒိုနီးရှားနိုင်ငံကို အရေးပါသောမိတ်ဖက်နိုင်ငံအဖြစ် သဘောထားလျက်ရှိသည်။ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့ကြား ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နယူးဒေလီ၌ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များသည် ပင်လယ်ရေကြောင်းဘေးကင်းမှုနှင့်လုံခြုံမှု၊ ရာဇဝတ်မှုကာကွယ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတာဝန်များနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ပါဝင်သည်။ ထို့ကြောင့် ဒေသတွင်းလုံခြုံရေးမြှင့်တင်ရန်နှင့် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများဖြေရှင်းရာတွင် ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

စီးပွားရေးဆိုင်ရာနယ်ပယ်တွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုသည် တိုးတက်လာလျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်လွန်ခဲ့သောကြောင့် အရေးကြီးသောနယ်ပယ်များတွင် စီးပွားရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတို့ နက်ရှိုင်းလာကြောင်း ပြသလျက်ရှိသည်။

သို့သော် နယူးဒေလီအတွက်မူ တရုတ်နိုင်ငံကို အိန္ဒိယအတွက် အဟန့်အတားအဖြစ် ရှုမြင်ထားလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မိမိကိုယ်ကို တရုတ်နိုင်ငံ၏အကျိုးစီးပွားများကိုထိခိုက်အောင်ဆောင်ရွက်နေသည်ဟု ရှုမြင်ခံလိုသောစိတ်ဆန္ဒရှိဖွယ်ရာမရှိပေ။ အထူးသဖြင့် Quad အုပ်စုနိုင်ငံများနီးကပ်လာပြီးလွတ်လပ်ပွင့်လင်းသောအင်ဒို-ပစိဖိတ်ကိုလက်ခံခြင်းသည် တရုတ်နိုင်ငံကို ပစ်မှတ်ထားလုပ်ဆောင်သည့်သဘောသက်ရောက်လာမည်ဖြစ်သည်။

ပရာဘိုဝိုသည် ၂၀၂၄ ခုနှစ်တွင် သမ္မတအဖြစ် ရွေးကောက်ခံရပြီးကတည်းက တရုတ်နိုင်ငံသို့ သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီတစ်ကြိမ်နှင့် ကျမ်းသစ္စာကျိန်ဆိုပြီး နောက်တစ်ကြိမ်သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။ ဂျကာတာ-ဘန်ဒေါင်းမြန်နှုန်းမြင့်ရထားလမ်းအပါအဝင် ရပ်ဝန်းနှင့် ပိုးလမ်းမမှတစ်ဆင့် အခြေခံအဆောက်အအုံများတွင် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အိန္ဒိယနိုင်ငံအနေဖြင့် စီးပွားရေးအရမှီခိုနေရမှုကိုပြသလျက်ရှိသည်။

အာဆီယံဗဟိုပြုမှုကို အိန္ဒိယ၏ထောက်ခံမှုသည် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများကို လမ်းကြောင်းလွှဲရန် ရည်မှန်းထားခြင်းမရှိသလို တရုတ်နိုင်ငံနှင့် တိုက်ရိုက်ထိပ်တိုက် တွေ့စေရန်လည်း ဖိအားပေးသွားလိုသောဆန္ဒမရှိပေ။ စင်စစ်အားဖြင့် အိန္ဒိယနှင့် အခြားသော Quad နိုင်ငံများသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မျှော်မှန်းချက်တွင် အာဆီယံနိုင်ငံများနှင့်ထိတွေ့ဆက်ဆံမှုကိုအခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်ထားရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ကိုယ်ပိုင်အမြင်သဘောထာဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံအဆင့်၌ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် AI နည်းပညာ၊ အင်တာနက်ချိတ်ဆက်မှုများနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကဲ့သို့သော နယ်ပယ်များတွင် အနာဂတ်အခွင့်အလမ်းများဖန်တီးရန်ဆုံးဖြတ်ထားရှိသည်။ နှစ်နိုင်ငံစလုံးသည် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့နှင့် ထိတွေ့ဆက်ဆံရန် စိတ်ဆန္ဒပြင်းထန်ကြောင်း ပြသလျက်ရှိပြီး သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု အလားအလာလည်းရှိနေသည်။ ထို့ကြောင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုသည် BRICS အပါအဝင် နိုင်ငံပေါင်းစုံဖိုရမ်များ၌ ထုတ်ဖော်ပြသသွားနိုင်မလားဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

**- Source :What's Next for India-Indonesia Ties? By The Diplomat.**

**ဝင်းဇင်(သုတေသန)**

ဝတ္ထုတိုကဏ္ဍ

# အိမ်စိုးမေ ရင်ခုန်ရပြန်ပြီ

ကျွန်းစဉ်မြေတောင်



**ယမန်နေ့မှ အဆက်**

"ဟော့ကောင် ဘစောမောင် မင်းအကြံ ငါသိတယ်။ ဒီနှစ်တောင် မပြည့်သေးတဲ့ ခင်ညိုကို မင်းချိန်နေတာ မဟုတ်လား "

"ပြောလို့မရဘူးကွ။ ငါက ငွေရှာကောင်းတယ်လေ။ ပိုက်ထွက်တိုင်း တွေ့တယ်မဟုတ်လား။ ငါလုပ်တာကိုင်တာ ဘယ်လောက်စွမ်းတယ်ဆိုတာ"

"ဟော့ကောင်တွေ မင်းတို့အလုပ်ထက် အပြောများတယ်နော်"

ပိုက်ခေါင်းဆောင် အောင်ကျော်ဇံ အော်လိုက်မှ နှစ်ယောက်စလုံး ပုသွားကြသည်။

ပိုက်တဲတန်းလျားတွေဆီမှာတော့ ငါးခါသံတွေ ငါးကောက်သူတွေနဲ့ ပြည့်နေ၏။ သူတို့တွေ၏ ကျောပြင်ပေါ်သို့ ခပ်ပြင်းပြင်းကျရောက်နေသော နေရောင်နီရဲရဲက သူတို့၏ ဖွဲ၊ ဝီရိယနှင့် လုပ်အားကို မည်သို့မျှ ဟန့်တားခြင်းငှာ မစွမ်းဆောင်နိုင်။ ကြိုးဝိုင်းအလယ် စွမ်းရည်ပြနေကြသော လက်ဝှေ့သမားတွေလိုပါပဲ။ အောင်မြင်မှုအတွက် ကြိုးစားနေကြခြင်းတွေပဲပေါ့။

ယောက်ျားတွေက ငါးရှာ ငါးခါ၊ မိန်းမတွေနှင့်ကလေးတွေက ငါးကောက်၊ ငါးကျုံးပြီး ခြင်းတောင်းထဲထည့်ကြသည်။ ငါးလှသာလုပ်ငန်းသည် ရေလုပ်သားမိသားစုတစ်ခုလုံးမနားရဘဲ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ကစားနေကြသည်ဆိုက မှားအံ့ မထင်မိပေ။ အလုပ်လုပ်နိုင်သူတိုင်း ကိုယ်နိုင်ရာလုပ်နိုင်ကြသဖြင့် အိမ်တိုင်းဝင်ငွေရှိသည်။ လူတိုင်း ပိုက်ဆံရကြသည်။

ငါးလှသာ ငါးကလေးများကို ကုန်ချောထုတ်လုပ်ရာတွင် အကောင်လိုက်နေလှန်းလျှင် ငါးလှသာ (အဖြူလုံး) ဟူ၍လည်းကောင်း၊ ကျောခွဲပြီး နေလှန်းလျှင် ငါးလှသာ (ခွဲခြမ်း)ဟူ၍လည်းကောင်း၊ ရန်ကုန်ပွဲရုံများက ဘောက်ချာရေး ပေးကြ၏။ ရခိုင်က ငါးလှသာ ငါးကလေးများကို ရန်ကုန်ရှိ ဘုရင့်နောင်ပွဲရုံတန်းတွင် ရောင်းချကြသည်။ ယင်းမှတစ်ဆင့် ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှားစသော နိုင်ငံများသို့ တင်ပို့ကြသည်။ သို့ဆိုလျှင် ငါးလှသာ ငါးကလေးလုပ်ငန်းလုပ်နေကြသော ကျွန်းစဉ်သူ၊ ကျွန်းစဉ်သားတို့မှာ နိုင်ငံခြားပို့ကုန်များကို ထုတ်လုပ်နေကြသော လုပ်သားကောင်းများဟု ကင်ပွန်းတပ်လိုက်ပါက များမတဲ့လား။

(၄)

"ကဲ အကုန်လုံးပဲ နားထောင်ကြပါ။ ဒီမှာ ဦးရာလူ စနစ်ပဲ ပေးထားတဲ့ စာရင်းအတိုင်းခေါ်မယ်"

ငါးဒိုင်ရှင် ကျော်ဇံခိုင်၏အသံကို မိန်းမအုပ်ကြီး နားစွင့်ထောင်နေ လိုက်ကြ၏။

"ဒီနေ့ ပိုက်တိုင်း ငါးအုပ်နဲ့ တိုးလာကြတယ်။ မြင်ကြတဲ့အတိုင်းပဲ ငါးပုံကြီးက နည်းတာမဟုတ်ဘူး။ အကုန်လုံးရမယ်။ စနစ်တကျ တစ်ယောက်ပြီးတစ်ယောက် ချိန်တွယ်ပေးမယ်နော်"

"ကိုကျော်ဇံခိုင်ရယ် အိမ်မှာကလေးငိုကျန်ခဲ့လို့ ကျွန်မတော့ မြန်မြန်လေးလုပ်ပေးပါ"

"အဲသလိုမျိုးတော့ မရဘူး။ တော်ကြာ ထမင်းအိုးပွက်ကျန်ခဲ့တဲ့လူနဲ့၊ အသက်ထွက်မဲ့ဆဲဆဲ ကျန်ခဲ့တဲ့ လူနာရှင်တွေနဲ့ ပြဿနာကဆုံးမှာ မဟုတ်ဘူး။ စည်းကမ်းအတိုင်းပဲ လုပ်မယ်နော်။ တစ်ယောက်ပြီး တစ်ယောက် စီနီယာအတိုင်း ခေါ်မယ်"

"ကဲ ကဲ သိပ်မကြာပါဘူး၊ လုပ်နေကျပဲ ကဲ ကဲ ခေါ်ပြီ ခေါ်ပြီ"

"မလှကြာဖြူ ၁၀ ပိဿာ"

"မြခင်ကြည် ၁၀ ပိဿာ"

"အိမ်စိုးမေ ၁၀ ပိဿာ"

"ဒေါ်ဇာခိုင် ၆ ပိဿာ"

"လုံးညိုမ ၈ ပိဿာ"

ဒိုင်ရှင်ခေါ်လိုက်တိုင်း အလုပ်သမားများက ချိန်ပေးကြသည်။ တန်းစီနေသော အမျိုးသမီးများမှာ တစ်ယောက်ပြီးတစ်ယောက် ဖျတ်ခနဲ ဖျတ်ခနဲဝင်ပြီး တောင်းကလေးတွေဖြင့် ဝင်ခံပေးကြသည်။ ချိန်ပြီးတိုင်းလည်း ဇတ်ခနဲ ဆွဲသယ်မပြီး အိမ်သို့တန်းပြန်ကြသည်။ အိမ်သို့ ရောက်လျှင် ငါးကလေးတွေကို အိမ်ရှေ့သစ်ရိပ်ဝါးရိပ် အောက်တွင် ဖျာကလေးခင်းပြီး ငါးခွဲကြတော့သည်။

ငါးခွဲပုံမှာ ချွန်ဓားပါးပါးလေးဖြင့် ကျောကနေ ခွဲချရသည်။ ခွဲပြီးလျှင် လက်ဖြင့် လှန်ဖြဲလိုက်ကာ အူအသည်းနုတ်ရသည်။ ငါးဝမ်းဗိုက်ကိုမူ ဓားမထိရပေ။ ခွဲစိတ်ပြီးချိန်တွင် ငါးအပြားကလေးတွေ ဖြစ်သွားကြသည်။ ဒိုင်က ငါးယူလာသူများ မှာ ကိုယ့်မိသားစု လုပ်နိုင်သလောက်ချိန်ဆပြီး လက်ခံယူကြသည်။ နို့သောက်နှင့်တုတ်ကောက်ကိုပယ်လျှင် တစ်အိမ်သားလုံး လုပ်နိုင်သော လုပ်ငန်းဖြစ်၍ ပိုက်သမားများ ငါးကျလျှင် အိမ်တိုင်းစေ့ အလုပ်ရသည်။ မိသားစုတိုင်း ဝင်ငွေတိုးကြသည်။

သူတို့ ငါးလှသာငါးကလေးလုပ်ငန်းမှာ ဒိုင်ရှင်က အမျိုးသမီးများကို တစ်ပိဿာလျှင် ငွေကျပ်လေးရာဈေးဖြင့် အကြွေးပေးသည်။ ၁၀ပိဿာဆိုလျှင် ငွေကျပ်လေးထောင် သင့်ပေသည်။ အခြောက်လှန်းပြီး ဒိုင်ရှင်ကိုပြန်သွင်းလျှင် အစိမ်း ၁၀ပိဿာသည် အခြောက် ၁ပိဿာခွဲ ရှိပေသည်။ ဒိုင်ရှင်က အခြောက် ၁ပိဿာ ကို ငွေကျပ် ငါးထောင်ဈေးရှင်းသဖြင့် တစ်ပိဿာခွဲ ဆိုလျှင် ငွေကျပ် ခုနစ်ထောင့်ငါးရာ ရသည်။ အလုပ်သမားတွေမှာ အစိမ်း ၁၀ပိဿာ အတွက် လုပ်အားခ ငွေကျပ် သုံးထောင့်ငါးရာ ရပေသည်။ ပိုက်ဆံ အရင်းအနှီးမလိုဘဲ လုပ်အားဖြင့် ဝင်ငွေရသော လုပ်ငန်းဖြစ်သည်။

ပင်လယ်ကမ်းခြေနေ ရေလုပ်သားများအတွက် ရေထွက်ပစ္စည်း လုပ်ငန်းဖြစ်သော ငါးလှသာငါးကလေးလုပ်ငန်းသည် ဘ၀စစ်မြေပြင်၏ အောင်မြေလိုဖြစ်နေခဲ့ပြီမို့ ပင်လယ်ရေပြင်ကြီးကို နေ့စဉ် ကျေးဇူးတင်စွာကြည့်နေမိကြသည်။

(၅)

" အောက် အီး အီး အွတ်"

လင်းကြက်က ဆော်ခဲ့ပြီ၊ အရှေ့လေပြေကလေး အတိုးမှာ ကွမ်းသီးပင်အုပ်နှင့် အုန်းပင်တန်းကြီးကို တသုတ်သုတ် လှုပ်ခတ်အသံမြည်စေ၏။

"ဟာ မိုးတောင် လင်းတော့မှာပါလား"

အိမ်စိုးမေ အိပ်ရာပေါ်က ဖျတ်ကနဲ ထထိုင်လိုက်သည်။

"အင့် အား အား အဲ အဲ"

ကလေးက ဘယ်အချိန်ကတည်းက အာဟာရဘဏ်တိုက်ကြီးကို ဆွဲစို့နေသည်မသိ။ သူ့ပါးစပ်နှင့် လွတ်ထွက်သွားသဖြင့် တအဲအဲအော်ပြီး အရေးဆိုနေပေပြီ။

"ဟာ ဒီကလေးကလဲ တစ်မျောင့်"

အိမ်စိုးမေ ကလေးကိုလက်ဆွဲပြီး အိမ်ရှေ့ခန်းသို့ထွက်လိုက်သည်။ သားလေးမှာအမေကြီးဆွဲခေါ်ရာ သို့ ယက်ကန်ယက်ကန်ပါသွား၏။ အမေကြီးက ပခုံးကိုဖိချပြီး ထိုင်ခိုင်းထားလိုက်ရာ သားကလေးမှာ မျက်နှာကလေး မသာမယာနဲ့ကျန်ခဲ့၏။ ချက်ချင်းပဲ ညဥ့်ဦးပိုင်းကခွဲထားသော ငါးလှသာတောင်းကို သွားယူလာပြီး အဖီကလေးတွင် ချထားလိုက်သည်။ အိမ်စိုးမေမှာ အလုပ်ကြမ်းသမားပီပီ သွက်လှသည်။

" အင့် အဲ အဲ အဲ"

ကလေးက ဆန္ဒတရား၏သင်္ကေတကို ဖော်ကျူးမြဲ ဖော်ကျူးလိုက်ပြန်သည်။ အိမ်စိုးမေ အိမ်ထရံကို အပြင်ကနေ ဝါးရင်းပိုင်းဖြင့် ထောက်ကန်လိုက်၏။ မြဲမြဲမြံမြံကိုင်ကြည့်လိုက်သည်။ သေချာသလောက်ရှိမှ အိမ်ရှေ့သို့ ထွက်လာပြီး အဖီလေးပေါ်က ငါးလှသာတောင်းကို ခေါင်းပေါ်တင်ကာ ဘယ်လက်ဖြင့် ထိန်းကိုင်ထားလိုက်၏။ တစ်ဆက်တည်း သားကလေးကို ဆွဲယူပြီး ခါးထစ်ခွင်တင်ပြီး ညာလက်ဖြင့် သိုင်းဖက်ထားလိုက်သည်။ ပြီးလျှင် မြစ်ကမ်းခြေ သဲဖြူတန်းသို့ ဆင်းပြီး သုတ်ခြေတင်လေပြီ။ ခပ်သွက်သွက် လှမ်းသွားရင်း ပင်လယ်ကမ်းခြေတစ်လျှောက် ငါးလှန်းစင်များဘက်သို့ အိမ်စိုးမေ လှမ်းကြည့်လိုက်၏။

ငါးလှန်းစင်များပေါ်တွင် အမျိုးသမီးတစ်ယောက်လျှင် ရေနံဆီ မီးခွက်ကလေးတစ်လုံးစီဖြင့် ညဥ့်ဦးပိုင်းက သူတို့အိမ်တွင်ခွဲစိတ်ထားသော ငါးလှသာငါးကလေးများကို တစ်ကောင်ချင်းဖြန့်ပြီး ဖျာပေါ်မှာကပ်ကာ လှန်းနေကြပေပြီ။ ညီညီညာညာတန်းစီပြီးလုပ်ကြရသည်မို့ အဝေးက လှမ်းကြည့်လိုက်လျှင် မီးပန်းကကွက်များသဖွယ် ကြည့်၍ အလွန်ကောင်းသည်။ ဖြန်းခနဲကြည့်လိုက်လျှင် မီးပူဇော်ပွဲများ ကျင်းပနေကြသလားအောက်မေ့ရသည်။ တကယ့် မြင်ကွင်း ပဿဒ သဘာဝကျလှသော ရေတံငါမိသားစုတို့၏ ဘ၀ပြယုဂ်တစ်ခုပေတည်း။

အိမ်စိုးမေသည် ငါးတောင်းနှင့်သားကလေးကို သယ်ရင်းမြစ်ကမ်းခြေ သဲဖြူလမ်းအတိုင်း လျှောက်မြဲလျှောက်သည်။ ခရီးက ခပ်လှမ်းလှမ်းမို့ ချွေးတွေ တောင်စို့ကုန်ပြီ။ ကလေးတစ်ဖက်၊ ငါးတောင်းတစ်ဖက်ဆိုတော့ အားစိုက်ရုန်းကန်ရမှုက များခဲ့စေသည်။ ဒါဟာ ဘဝပဲလေ။

" အင့် အား "

" ဟာ ဒီကလေးကလဲ တစ်မျိုး"

ကလေးကလည်း နို့တောင်းမြဲတောင်းနေသဖြင့် အိမ်စိုးမေစိတ်မရှည်ချင်ဖြစ်လာ၏။ သံယောဇဉ်ကို အကြောင်းပြုပြီး ရလာခဲ့သည့်အဖြစ်ကြောင့် မိဘမေတ္တာဖြင့် ဖြေသိမ့်ရပြန်သည်။

ပင်လယ်ပြင် ရေလုပ်သားတို့မှာ ပင်လယ်ပြင် ထွက်တိုင်း သဘာဝအန္တရာယ်က အချိန်အခါမရွေး ကြုံရတတ်သည်။

ရခိုင်ကမ်းရိုးတန်းမှာ မုန်တိုင်းနှင့် လေပြင်းပျော့ဒေသမို့ ပိုဆိုးသည်။ ရခိုင်သားတို့ရေလုပ်ငန်း သမိုင်းတစ်လျှောက် ဆုံးစမမြင်သော သမုဒ္ဒရာပြင်ထဲ ပိုက်ချငါးရှာရင်း ဆုံးရှုံးခဲ့ကြသော အသက်ပေါင်း မည်မျှရှိခဲ့ကြပြီနည်း။ ရုပ်နာမ် ဓမ္မ သင်္ခါရ၏ ပြောင်းလဲမှုဖြစ်စဉ်အရ ဥပစ္ဆေဒကကံဖြင့် ဆုံးရှုံးကြကုန်ပြီးသော ဇာတ်သိမ်းပိုင်းထဲတွင် အိမ်စိုးမေ ခင်ပွန်းထွန်းဖြူကိုလည်း ဇာတ်ဝင်ခန်းထဲက ဇာတ်ကောင်တစ်ဦးအဖြစ် စာရင်းသွင်းခဲ့ရပြီ။ အိမ်စိုးမေအတွက် အိမ်ထောင်ရေးရသအဖြစ် ဝမ်းကြာတိုက်ထဲမှာ ကလလရေကြည်ကျန်ခဲ့သည်ပဲ သမုဒယရေစီးအတွက် အဖတ်တင်ခဲ့သည်။

ပစ္စက္ခဘ၀ဖြစ်စဉ်တရား၏ စီးကြောင်းသည် အိမ်စိုးမေနှလုံးအိမ်ထဲမှာ ခနော်ခနဲ့စီးဆင်းရင်း သဲဖြူလမ်းကို လျှောက်လှမ်းလာခဲ့သည်မို့ အတွေးများ

စာမျက်နှာ ၂၅ သို့ ➤

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးကြင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးကြင်း ပိဿာချိန် ၇၅၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ငါးကြင်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက် မှ ၂၈ရက်ထိ ငါးကြင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချတဲ့ ငါးကြင်းတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်။လက်ရှိ ငါးကြင်းတွေ အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကငါးကြင်းတွေကို ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းခဲ့တာပါ" ဟု ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ကျွန်းလှ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌မတ်ပဲ ၁၁၇၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၂ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၁၇၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ အခုလက်ရှိဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ၊ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

မတ်ပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲ အထွက်နှုန်းတိုးတက်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

စေစားထားမှုကြောင့် ငါးလှန်းစင်နားသို့ ရောက်လာမှန်းတောင် သတိမထားမိခဲ့။

"အိမ်စိုးမေ နောက်ကျလှချည်လား။ လာ လာ ဟော့ ငါတို့ရောက်နေကြပြီ"

လှကြာဖြူက စင်ပေါ်မှလှမ်းခေါ်ရင် အိမ်စိုးမေခေါင်းပေါ်က ငါးတောင်းကို လှမ်းဆွဲသည်။ ငါးလှန်းစင်းပေါ်သို့ အိမ်စိုးမေ လှမ်းတက်ပြီး လှကြာဖြူဘေးတွင် နေရာယူပြီး တန်းစီထိုင်လိုက်၏။

ငါးလှန်းစင်တွေပေါ်မှာတော့ ကိုယ့်အကွက်ကလေးနှင့် ကိုယ်နေရာယူပြီး ငါးလှန်းနေကြရာ ညီညီညာညာလေးဖြင့် အတော်ကြည့်ကောင်းသည်။ ငါးလှသာ အစိမ်း ၁၀ပိဿာတည်းဟူသော အရေအတွက်သည် ကုန်ချောဖြစ်ချိန်တွင် တစ်ပိဿာကို ငွေကျပ် ငါးထောင်တန်တစ်ပိဿာခွဲဖြစ်လာမည်ကို လုပ်ငန်းသဘာဝ သင်္ချာဗေဒနည်းအရ ကျွန်းစဉ်သူတို့ နောကျေပြီးသား။ သည်တော့ ငါးလှသာ အလုပ်သမများ ကျွန်းစဉ်သူတို့ မျက်နှာတွေက ပင်ပန်းသော်လည်း ရွှင်လန်းခဲ့ကြသည်။

အရှေ့ဆီက နေဝန်းနီကြီးသည် ရခိုင်ရိုးမတောင်တန်းကြီးကို မေးတင်ပြီး အနောက်ဘက် ကမ်းရိုးတန်းကို မျက်စပစ်ပြီဆိုလျှင် ကမ်းခြေနေ ကျွန်းစဉ်သူ၊ ကျွန်းစဉ်သားတို့ ပျော်ကြသည်။ ရွက်ထည်ကလေး တယမ်းယမ်း ခတ်တက်ကလေး တဖြန်းဖြန်းခတ်ပြီး မြစ်ပင်လယ်အနှံ့ ပြေးလွှားနေကြသော တံငါလှေကလေးများထဲက ရေလုပ်သားများသည် ပရိယေသနအတွက် တိုက်ပွဲဝင်နေကြသော ဘဝစစ်သည်တော်တွေပါပဲ။

(၆)

"ဘစောမောင်အနေနဲ့ ခုလို မိသားဖသားပီပီ အိမ်စိုးမေကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်တာ အင်မတန် မှန်ကန်တဲ့ယောက်ျားကောင်းတို့ စိတ်ဓာတ်ပဲကွဲ့"

"အမှန်ကတော့ ကိုကြီးအောင်ကျော်ဖုံရယ် ကျွန်တော် အိမ်စိုးမေကို သနားတယ်၊ ကြင်နာတယ်၊ ကိုယ်ချင်းစာတယ်ဗျာ"

"အောင်မယ်လေး ကိုယ့်လူက ပြောနေသေးတယ်။ မင်းသက်သက်လူလည်လုပ်တာပါကွာ ငါသိတယ်"

"ငါက ဘာ လူလည်လုပ်လို့လဲ ဟ"

"ခု မင်းဘာမှ လုပ်စရာမလိုဘဲ ကလေးအဖေဖြစ်သွားပြီလေ"

"ဟော့ကောင် လှထွန်းကျော်။ ဒါ နောက်ရမဲ့ နေရာမဟုတ်ဘူးနော်။ ငါက မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းပြီး ဘဝလက်တွဲဖော်လုပ်နေတာကွ"

"ဘစောမောင် မင်းပြောတော့ မလှဖုံလဲ ကြီးလွန်းတယ် ခင်ညိုလေးလဲ သေးလွန်းတယ်ဆို ခု အိမ်စိုးမေက ဘာလဲ သားတစ်ယောက်အမေမို့ မကြီးလွန်း မသေးလွန်းဘူးပေ့ါ ဟုတ်လား"

လှထွန်းကျော် ဘစောမောင်ကို တိုးတိုးကလေး ပြောလိုက်သည်။

"ဘာတွေပြောနေတာလဲကွာ။ ဘစောမောင်နဲ့အိမ်စိုးမေက လိုက်ဖက်ပါတယ်။ တစ်ယောက်က အားကောင်းမောင်းသန် တစ်ယောက်က လုံးကြီးပေါက်လှ မဟုတ်ဘူးလား"

" ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ"

ပိုက်သမားချင်း စလိုက်ကြရာ ရွက်ကြမ်းရေကြို ဧည့်ခံပွဲလေးထဲတွင် ပွဲကျသွားကြသည်။ အိမ်စိုးမေကတော့ ဘစောမောင်ကို တစ်ချက်မေ့ာကြည့်ပြီး ရှက်ရှက်နဲ့ ရယ်နေလိုက်သည်။

"ကဲ ကဲ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ။ လက်ဖက်ရည်ကောကောက်ညှင်းပေါင်းကော အများကြီးပဲနော်။ သောက်ကြ စားကြဗျာ"

ငပသုန်ရွာ အရှေ့ပိုင်း အိမ်စိုးမေတို့ အိမ်ကလေးတွေင် အကျဉ်းရုံးပြီး စီမံလိုက်သော မင်္ဂလာကိစ္စကလေးမှာ ရိုးရိုးကလေးဖြင့် အဆင်ပြေနေပါတော့သည်။

"ကျွန်မယောက်ျားက ပင်လယ်ပြင် ရေလုပ်သားကြီးရှင့်။ တကယ့်အားကိုးချင်စရာပဲ"

အိမ်စိုးမေ၏ ဘဝအိမ်ထဲက ဒုတိယမြောက် ရင်ခုန်သံသည် နှလုံးသည်းပွတ်၏ အနက်ရှိုင်းဆုံးနေရာမှ ခပ်တိုးတိုးလေး မြည်နေပေတော့သည်။

## တို့ပြည်အလှ

\- သံလွင်ချင်းတွင်း မြစ်ဧရာ
စစ်တောင်း ရေဇလာ၊
ပြည်မြန်မာကို ကျိုးဆောင်ပေး
ရေကြည် ချိုချိုအေး။

\- ရခိုင်ရှမ်း နှင့် တနင်္သာရီ
ပဲခူးရိုးမ စုံအညီ၊
စိမ်းလန်းနေသည် မြသစ်တော
အဖိုးတန်သစ်ဝါးပေါ။

\- ပင်လယ်တစ်ကြော လှေလာမယ်
ဖိုးထိုက် ရေသယံကြွယ်၊
ငါးမျိုးစုံရယ် ပုလဲလုံး
ပေါများဘယ်မသုဉ်း။

\- မြန်ပြည်တစ်ဆုံး ပြည့်ဝလျှံ
တွင်းထွက် ကျောက်ရေနံ၊
စပါးပြောင်းဆန် သီးနှံများ
ထွက်တိုး လှပေသား။

\- စေတီဘုရား အလှဖြာဝေ
ကျောင်းကန်ဇရပ် စုံပါပေ၊
လစဉ်တိုင်းလေ ပွဲတော်ကျင်း
သာသနာ့ ရောင်ဝါလင်း။

\- ဂုဏ်ရည်ထင်လင်း တို့ပြည်တွင်
တိုင်းရင်းသားစုံလင်၊
အမြဲထာဝစဉ် ကူဖေးမ
ပေးယူ ညီညီမျှ
တို့ တိုင်းပြည်အလှ။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# အောင်လံမြို့နယ် ရုံးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ မတ် ၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းကုန်းကျေးရွာအုပ်စု ရုံးဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရုံးဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေကျပ် ၆၃သန်း ထုတ်ချေးပေးခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**ကိုလှိုင်**

# Refire, not retire တစ်ဖန်ပြန်လည်ထွန်းညှိကြပါစို့

မင်းယဥ်စု

ဒီတစ်ပတ်မှာတော့ ဝန်ထမ်းဟောင်းတွေ့ဆုံပွဲ တစ်ခုကို လိုလိုလားလား သွားတက်ဖြစ်တယ်။

"လိုလိုလားလား"ဆိုတာက ကိုယ့်ရဲ့ အသက်က ၈၀ နားကပ်လာပြီ။ ကျန်းမာရေးကလဲ သိပ်မကောင်းတာကြောင့် ဘယ်သာရေးနာရေးမှ မသွားဖြစ်တာ တော်တော်ကြာပါပြီ။ ဒီတစ်ခါတော့ ကိုယ်လုပ်ခဲ့တဲ့ အဖွဲ့အစည်းက ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေနဲ့လဲ တွေ့ချင်၊ အထူးသဖြင့်စီးပွားရေးရောကျန်းမာရေးပါ တော်တော်လေး ချူချာနေတဲ့မိတ်ဆွေရင်း အပေါင်းအသင်းဟောင်း တစ်ယောက်ကိုငွေရေးကြေးရေးအရ တတ်နိုင်သမျှ ကူညီချင်တာနဲ့ ဒီ Gathering ပွဲကလေးကို မသွားမဖြစ် သွားဖြစ်အောင်သွားခဲ့တာပါ။

အဲဒီကိုရောက်တော့ လုပ်ဖော်ကိုင်ဖက်တချို့ တလေကိုပဲ ကံကောင်းထောက်မစွာ တွေ့ရတော့တယ်။ တော်တော်များများကိုတော့ မတွေ့ခဲ့ရတော့ပါဘူး။ တချို့က မလာလို့မတွေ့ရတာ။ တချို့ကတော့ လာလို့မရတဲ့လမ်းကို သွားနှင့်ခဲ့ကြပြီလေ။

အေး . . . သွားနှင့်ကြ၊ သွားနှင့်ကြ။ လူတိုင်းသွားရမဲ့လမ်းကို မင်းတို့က အရင်သွားနှင့်ကြ။ ငါတို့က နောက်မှနောက်က လိုက်ခဲ့ကြရမှာလေ။

အဲဒီလို တရားသဘောကလေးနဲ့ တွေးကြည့်လိုက်တော့လဲ စိတ်ထဲမှာ နည်းနည်းသက်သာရာရသွားသလိုပါပဲ။ ဒါနဲ့ပဲ လာတဲ့လူ၊ တွေ့တဲ့လူအများကို လိုက်လံနှုတ်ဆက် စကားစမြည်ပြောပြီး အကဲခတ်လေ့လာကြည့်လိုက်တော့ တချို့က ပြောင်ပြောင်ရောင်ရောင်၊ တချို့က နွမ်းနွမ်းဖတ်ဖတ်၊ တချို့က ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်၊ တချို့က ညှိုးညှိုးမှိုင်မှိုင် ငိုင်ငိုင်တွေတွေ။ ဩော် . . . ဘဝပေးအခြေအနေတွေက တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါကလား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ တွေ့တဲ့လူတိုင်းကို နှစ်လိုအားရဝမ်းမြောက်ဝမ်းသာ ပဋိသန္ဓာရပြုရင်း မျက်လုံးကတော့ ကျီးကန်းတောင်းမှောက် လျှောက်ကြည့်နေမိတော့တယ်။ မိမိကူညီချင်တဲ့သူ၊ မိမိမုန့်ဖိုးပေးချင်တဲ့သူ လာမှလာပါ့မလားပေါ့။ ပွဲသာပြီးသွားတယ် သူကတော့ ရောက်မလာပါဘူးခင်ဗျာ။

လူ့ဘဝဆိုတာကြီးက တော်တော်ခက်တယ်နော်။ ရေစီးတစ်ခါ ရေသာတစ်လှည့်တဲ့။ ပုံလုံ တစ်လှည့် ငါးဖျံတစ်လှည့်တဲ့။ သင်္ခါရဆိုတဲ့ ဘဝရေနေဒီမှာ မှောက်ချည်လှန်ချည်တွေက တယ်များပါကလား။

ကိုယ့်တုန်းကလဲ ဒီလိုပါပဲ။ မပြေလည်တဲ့ ဘဝမှာ အခက်အခဲပေါင်းစုံကို အဖုံဖုံကြုံခဲ့ရပေ့ါ။ ဒုက္ခရဲ့အာဟာရကို မြည်းစမ်းခဲ့ရဖူးသလို သုခရဲ့ အရသာကိုလဲ ခံစားခဲ့ရဖူးပါရဲ့။ ဒီတော့ ကိုယ့်လိုပဲ ဒုက္ခသုခနဲ့ မုချကြုံနေရတဲ့သူများတွေ့ရင် ကိုယ်ချင်းစာနာ ညှာတာတတ်တယ်ဗျာ။ ကိုယ်တတ်နိုင်သရွေ့ ကူညီချင်တယ်။ ထောက်ပံ့ချင်တယ်။ ဒါပေမဲ့ အဲဒီ ပုဂ္ဂိုလ်ရောက်မလာပါဘူးဗျာ။

ဝန်ထမ်းဟောင်းတွေ့ဆုံပွဲက ပြန်လာတော့ တွေးစရာတွေက စိတ်ထဲမှာတစ်ထွေးတစ်လုံးကြီး၊ တသီတသန်းကြီး ပါလာတယ်။ ဒုက္ခအကြောင်းရော၊ သုခအကြောင်းရော။ တကယ်တော့ ဒုက္ခနဲ့သုခကြား နံရံက ပါးပါးကလေးသာ ခြားထားတာပါ။ ဒီနံရံကလေးကို စိတ်ရှည်ရှည်၊ ဇွဲရှိရှိနဲ့ ကြိုးစားပမ်းစား ဖြတ်ကျော်နိုင်ရင် သုခဘုံဆိုတာ ထင်သလောက် မဝေးလှပါဘူး။

ဘုံမွှေတာမှာ ကြုံလာသမျှ သုခဒုက္ခတွေကို ခံစားရင်း "တောင်ဖီလာဆရာတော်ကြီး"က ဒီလို မိန့်မှာတော်မူခဲ့ဖူးတယ်။

မှားဖူးမှမှန်တတ်၊ ပြတ်ဖူးမှမြဲ
လွဲဖူးမှဖြောင့် ၊ တောင့်ဖူးမှပျော့
ပေါ့ဖူးမှလေး ၊ နှေးဖူးမှလျင်
ရွှင်ဖူးမှညှိုး ၊ ဆိုးဖူးမှကောင်း
စောင်းဖူးမှတည့် . . . သတဲ့။

လောကတစ်ခွင်မှာ ကျင်လည်နေရတဲ့ လူ့ဘဝဆိုတာကြီးကလဲ ဒီလိုပါပဲ။ အမြဲတမ်း ကောင်းမနေတတ်သလို အမြဲတမ်းလဲ ဆိုးမနေပါဘူး။ ကောင်းတစ်ခါဆိုးတစ်လှည့်နဲ့ လုပ်လီလုပ်လဲ့ ကသီကရီထွေပြားပြီး ဗျာများနေကြတာပါပဲ။

တစ်လောကတောင် ပရီးမီးယားလိဂ်မှာ ရှုံးပွဲတွေဆက်နေတဲ့ နိုင်ငံကျော် နည်းပြကြီး ဂွာဒီယိုလာက ပြောခဲ့သေးတယ်။ "ကြိုးစားနေခြင်းက ရှင်သန်ခြင်းပါပဲ။ ကြိုးစားနေသရွေ့ မကျရှုံးပါဘူး"တဲ့။ ကောင်းလိုက်တဲ့သူ့စကား။ မှတ်သားထိုက်ပါတယ်နော်။

**❖တစ်လောကတောင် ပရီးမီးယားလိဂ်မှာ ရှုံးပွဲတွေဆက်နေတဲ့ နိုင်ငံကျော် နည်းပြကြီး ဂွာဒီယိုလာက ပြောခဲ့သေးတယ်။ "ကြိုးစားနေခြင်းက ရှင်သန်ခြင်းပါပဲ။ ကြိုးစားနေသရွေ့ မကျရှုံးပါဘူး"တဲ့။ ကောင်းလိုက်တဲ့သူ့စကား။ မှတ်သားထိုက်ပါတယ်နော်။ ဒါကြောင့် ကျရှုံးနေသူတွေ၊ ဒုက္ခရောက်နေသူတွေ၊ အောင်မြင်မှုနဲ့အလှမ်းဝေးနေသူတွေ စိတ်ဓာတ်မကျကြပါနဲ့။ ကိုယ့်ရဲ့စိတ်အင်အားကို မလျှော့ပစ်လိုက်ကြပါနဲ့။ ဗုဒ္ဓဘာသာဝင်တွေဆိုရင် ပိုသိပါလိမ့်မယ်။ အနိစ္စသဘော။ ဘယ်အရာမှ အမြဲမရှိပါဘူး။❖**

ဒါကြောင့် ကျရှုံးနေသူတွေ၊ ဒုက္ခရောက်နေသူတွေ၊ အောင်မြင်မှုနဲ့အလှမ်းဝေးနေသူတွေ စိတ်ဓာတ်မကျကြပါနဲ့။ ကိုယ့်ရဲ့စိတ်အင်အားကို မလျှော့ပစ်လိုက်ကြပါနဲ့။ ဗုဒ္ဓဘာသာဝင်တွေဆိုရင် ပိုသိပါလိမ့်မယ်။ အနိစ္စသဘော။ ဘယ်အရာမှ အမြဲမရှိပါဘူး။

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ပါတီခေတ်က တွေ့ဖူးတာလေးတစ်ခုသွားပြီး သတိရမိတယ်။ တစ်နေ့ စစ်ကိုင်းတိုင်းဘက်ကို ခရီးထွက်ရင်း ဝက်လက်မြို့နယ်ထဲက လှတောရွာနားရောက်တော့ ကားလမ်းမကြီးဘေးမှာ ဆိုင်းဘုတ်ကြီးတစ်ခု ထောင်ထားတာတွေ့တယ်ဗျာ။ အဲဒီမှာ ဘာရေးထားသလဲဆိုတော့ "အနိစ္စ အမြဲမရှိ၊ လုပ်အားပေး အမြဲရှိ"တဲ့။ မှတ်ကရော။ အဲဒါ ပါတီခေတ်ကပါ။ ဆိုလိုတာက အနိစ္စဆိုတာ အမြဲမရှိမှန်း လူတိုင်း သိကြပါတယ်နော်။

ဂရိအတွေးအခေါ်ပညာရှင်ကြီး ဟီရာကလိုက်တပ်စ်က မိန့်ဆိုဖူးတယ်။ "There is nothing permanent except change"။ လောကကြီးမှာ ပြောင်းလဲခြင်းဆိုတာကလွဲလို့ မပြောင်းလဲတာ ဘာမှမရှိပါဘူးတဲ့။ ဟုတ်ပါတယ်နော်။

ဒီစာစုကို ဝန်ထမ်းဟောင်းတွေ့ဆုံပွဲမှာ ကသီလင်တဖြစ်နေကြတဲ့ မိတ်ဟောင်းဆွေဟောင်း တချို့ကို အကြောင်းပြုပြီး ရေးဖြစ်တာပါ။

ကျွန်တော့်ပတ်ဝန်းကျင်မှာ အောင်မြင်နေသူတွေ ရှိသလို ကျရှုံးနေသူတွေလဲ အများကြီးပါ။ အဲဒီ ကျရှုံးနေသူတွေထဲမှာ တချို့က ဖြစ်လာသမျှဒုက္ခကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း အနိုင်မခံအရှုံးမပေး နှလုံးအေးအေးနဲ့ အပြုံးလေးမပျက် ခပ်ညက်ညက်ကလေးခံနိုင်ရည်ရှိပေမဲ့ အများစုကတော့ သက်သာရာရှာမရ စိတ်ဓာတ်တွေကျပြီး ငူငူငိုင်ငိုင်နဲ့ မှိုင်တွေနေကြတာမြင်ရတော့ စိတ်ထဲမှာ မကောင်းဘူးဗျာ။

အဲဒီလိုလူမျိုးတွေ ဒီစာစုလေးဖတ်ပြီး စိတ်ဓာတ်တွေပြန်တက် သွက်သွက်လက်လက်နဲ့ ရှေ့ဆက်သွားရမဲ့ခရီးမှာ အားအင်တွေ ပြန်ဖြစ်လာမယ်ဆိုရင်တော့ ဒီစာစုကို ရေးရကျိုးနပ်ကောင်း မြတ်လှချည်ပေါ့ဗျာ။

အနှစ်ကိုလိုချင်ရင် အပွေးကပင်စောင့်ရသည်တဲ့။ အသီးစားလိုလျှင် အပင်စိုက်ရမှာ ဓမ္မတာပါ။ ဘာမှမလုပ်ရင် ဘာမှဖြစ်လာမှာ မဟုတ်လို့ ဒုက္ခနဲ့သုခကြားက နံရံပါးပါးကလေးကို ကြိုးစား အားထုတ်မှုနဲ့ မညည်းညူဘဲ ဖွင့်ဖောက်လိုက်စေချင်တာ စေတနာပါ။

ကိုယ်လျှောက်နေတဲ့ ခြေလှမ်းဟာ ကိုယ့်အတွက် လမ်းဖြစ်စေရမယ်တဲ့။ ဒီနေရာမှာ ဆရာကြီး တစ်ယောက် ပြောဖူးတဲ့စကားလေးတစ်ခွန်း အမှတ်ရလာမိတယ်။ ပင်စင်လစာကလေးစားပြီး ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ ဘဝကို အညှံ့ခံနေတဲ့ ပင်စင်နာတွေကို သိစေချင်လိုက်တာ။

Refire, not retire တဲ့။ ဟုတ်ပ့ါ။ အားလုံးသော ဝန်ထမ်းဟောင်း ပင်စင်စားတွေ လက်ကျန်ဘဝသက်တမ်းမှာ ကြုံလာရမဲ့ ဒုက္ခအတန်တန်ကို အနိုင်မခံအရှုံးမပေးဘဲ ဒုက္ခနဲ့သုခကြားက နံရံပါးပါးကလေးကို စိတ်ရှည်သည်းခံ ဇွဲမျိုးသန်သန်နဲ့ အားမာန်မလျှော့ ခပ်မော့မော့ကလေးနဲ့ ကြိုးပမ်းအားထုတ်ရင်း ကိုယ့်ဘဝရဲ့ မီးရှူးရောင်ကို Refire ညီညာဖြိုဖြိုး၊ ထထကြွကြွ၊ ထိထိမိမိနဲ့ ပြန်လည်ထွန်းညှိလိုက်ကြစမ်းပါ အပေါင်းအသင်းတို့ရေ။

## စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၄၀၂၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီကနှမ်းဧက ၄၀၂၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းတွေ အခုလက်ရှိမှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နှမ်းကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပုသိမ်ခရိုင်တွင် စပါး ကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၉၅ ဒသမ ၄ တင်းထွက်ရှိ



**ပုသိမ် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် စပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၉၅ ဒသမ ၄ တင်း ထွက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စပါး ၅၀၇၈၄၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါး စိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမအပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ကေ အားလုံးရိတ်သိမ်းပြီးစီး ပြီဖြစ်ပြီး တစ်ကေလျှင် ၉၅ ဒသမ ၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်မှာ စပါး ၅၀၇၈၄၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ စပါး ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အခုရိတ်သိမ်းထားတဲ့ စပါးတွေစိုက်ပျိုးဖို့အတွက် စပါး စတင်မစိုက်မီ စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ရိတ်သိမ်းနေတဲ့ စပါးတွေ အထွက်နှုန်း ကောင်းမွန်ပြီး စပါးအရည်အသွေး ပြည့်မီတာလဲ တွေ့ရပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် မြို့နယ်အလိုက် စပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့်သည် ပုသိမ်မြို့နယ်တွင် ၉၁၄၃၆ ကေ၊ ကန်ကြီးထောင့်မြို့နယ်တွင် ကေ ၁၄၃၉၇၀၊ သာပေါင်းမြို့နယ်တွင် ၆၈၂၉၇ ကေ၊ ငပုတောမြို့နယ်တွင် ၂၀၄၁၂၂ ကေ စုစုပေါင်း ၅၀၇၈၄၃ ကေ ဖြစ်ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် နမ့်ဟူးခွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းတုံ မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးခွန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ဟူးခွန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နမ့်ဟူးခွန်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၆၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# တောင်ကယ်ရိုလိုင်းနားပြည်နယ် တောမီးလောင်ကျွမ်းမှု အနီရောင်အဆင့် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်း



ဝါရှင်တန် မတ် ၂

အမေရိကန်ပြည်နယ် တောင်ကယ်ရိုလိုင်းနားပြည်နယ် ဟောရီကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် တောမီးအန္တရာယ် အနီရောင်အဆင့် သတိပေးချက် သတ်မှတ်ရာမှ မိုးလေဝသပြောင်းလဲမှုများ ရှိလာနိုင်သည့်အတွက် တောမီးကိုထိန်းချုပ်နိုင်ဖွယ်ရှိနေ၍ အနီရောင်အဆင့်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း တောင်ကယ်ရိုလိုင်းနားပြည်နယ် သစ်တောရေးရာကော်မရှင် အကြီးအကဲ ဒါရိုင်ဂျုန်းက ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဟောရီကောင်တီမှ ဒေသခံများအတွက် အန္တရာယ်ရှိလာနိုင်၍ တောမီးအန္တရာယ် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ လေတိုက်နှုန်းမြင့်မားကာ ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကြောင့်လည်း တောမီးကူးစက်လောင်ကျွမ်းမှုမှာ မြန်ဆန်ကာထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''တောမီးလောင်ကျွမ်းမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်တဲ့အတွက် တောမီးအန္တရာယ် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားခြင်းဖြစ်ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်းရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာနိုင်ပြီးတော့ တောမီး ကူးစက်လောင်ကျွမ်းမှုနှုန်းလျော့ကျသွားနိုင်တဲ့အတွက်ကြောင့် တောမီးအန္တရာယ် အနီရောင်အဆင့်သတိပေးချက်ကိုပြန်လည်ရုပ်သိမ်းခဲ့ခြင်း ဖြစ်ပါတယ်။ မကြာမီ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်တော့မယ်လို့ ယုံကြည်ပါတယ်'' ဟု တောင် ကယ်ရိုလိုင်းနားပြည်နယ် သစ်တောရေးရာ ကော်မရှင် အကြီးအကဲ ဒါရိုင်ဂျုန်းက ပြောကြားသွားသည်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် အကြိမ်ရေ ၃၀၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အာဖဂန်နစ္စတန်တွင် လူဦးရေသုံးသန်းခန့် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ခံစားခဲ့ရ

ကာဘူးလ် မတ် ၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သောနှစ်များအတွင်း ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် ရာသီဥတုနှင့်ဆက်နွှယ်သော ဘေးအန္တရာယ်များကြောင့် လူပေါင်းသုံးသန်းခန့် ထိခိုက်ခံစားခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း နေထိုင်သူများအဖွဲ့ (IMO)မှ ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်ကို ကိုးကား၍ မတ် ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ရေကြီးရေလျှံခြင်း နှင့်မိုးခေါင်ခြင်းများကြောင့်လူပေါင်းသုံးသန်းနီးပါး အိုးအိမ် စွန့်ခွာထွက်ပြေးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူ ၁၄၀၀၀ ခန့်ရှိခဲ့ကာ ၂၀၂၄ ခုနှစ်တစ်နှစ်ထဲတွင် လူပေါင်းကိုးသိန်းကျော်မှာ နိုင်ငံအတွင်း နေရာ အနှံ့အပြားသို့ ရွှေ့ပြောင်းနေထိုင်ရခြင်းများ ကြုံတွေ့ခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားခဲ့သည်။

''အာဖဂန်နစ္စတန်နိုင်ငံမှာ ပြင်းထန်တဲ့ ရာသီဥတုဖြစ်စဉ်တွေကြောင့် ထိခိုက်ဒဏ်ရာရရှိမှု အန္တရာယ်ကမြင့်မားနေပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ဖြတ်တောက်ခံရမှုကြောင့် အခြေအနေက ပိုမိုဆိုးရွားလာဖို့ ရှိနေပါတယ်''ဟု အာဖဂန်နစ္စတန်နိုင်ငံ ဆိုင်ရာ IMOအဖွဲ့၏ အကြီးအကဲဖြစ်သူ မီယွန်ပါ့ဂ်သ်က ပြောကြားခဲ့သည်။

အထူးသဖြင့်သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ ထိခိုက်မှုအများဆုံးဖြစ်သည့် ဂေါ်၊ ဂျာဂျန်နှင့် ခိုစ့်ပြည်နယ်များအတွင်းရှိ ကျေးရွာများ၏ ၉၂ ရာခိုင်နှုန်းမှာ အရေးပေါ် ဝန်ဆောင်မှုလုပ်ငန်းများအသုံးပြုခွင့်ရရှိရန် ကန့်သတ်ချက်များရှိနေပြီး ၄၆ ရာခိုင်နှုန်းမှာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အထိခိုက်ခံရဆုံး၁၀နိုင်ငံစာရင်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာက ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့အဖြစ်ရောက်ရှိ

ဂျီနီဗာ မတ် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့တော် ဒါကာတွင် မတ် ၁ ရက်နေ့ နံနက်ပိုင်းက လေထုညွှန်းကိန်း ၃၀၄ ထိရောက်ရှိခဲ့ပြီး ကမ္ဘာ့လေထု အညစ်ညမ်းဆုံး မြို့တော်များစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက်လေထုညစ်ညမ်းမှုစောင့်ကြည့်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သော IQAir အဖွဲ့၏ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ လေထုညွှန်းကိန်း ၃၀၁မှ ၅၀၀ ကြား အခြေအနေကို ကျန်းမာရေးအတွက် ပြင်းထန်သည့် အန္တရာယ်ရှိသော အဆင့်အဖြစ် သတ်မှတ်ထားရာ မတ် ၁ ရက်နံနက်ပိုင်းတွင် လေထုညွှန်းကိန်း ၃၀၄ ထိ ရောက်ရှိခဲ့ပြီး ကမ္ဘာ့လေထု အညစ်ညမ်းဆုံးမြို့တော်အဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။



လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အဓိကအရာများမှာ PM 2.5 အမှုန်အမွှား၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့် အိုဇုန်းဓာတ်ငွေ့တို့ကြောင့်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှု အဓိက ဖြစ်ပွားရခြင်းမှာ စက်မှုလုပ်ငန်းများမှ အခိုးအငွေ့များနှင့် မော်တော်ယာဉ်များမှ ထုတ်လွှတ်သော မီးခိုးငွေ့များကြောင့် အဓိက ဖြစ်ပွားရခြင်း ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုဒဏ်ကို ပြင်းထန်စွာ ရင်ဆိုင်နေရပြီး နိုင်ငံအတွင်း နှစ်စဉ်လူပေါင်း တစ်သိန်းကျော်သည် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သော ရောဂါများကြောင့် သေဆုံးလျက်ရှိကြောင်း ဖင်လန်နိုင်ငံ အခြေစိုက် စွမ်းအင်နှင့် သန့်ရှင်းသော လေထုဆိုင်ရာ သုတေသနဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင်နှစ်စဉ်လူသန်းပေါင်းများစွာ သေဆုံးလျက်ရှိကြောင်းနှင့် လူ၁၀ဦးတွင် ကိုးဦးသည် ညစ်ညမ်းသော လေထုကိုရှူရှိုက်နေရကာ မီးခိုးမြူများမှသည် အိမ်တွင်းလေထုညစ်ညမ်းမှုထိ ကျန်းမာရေးနှင့် ရာသီဥတုအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာများအရ သိရသည်။

Ref : Sputnik News
Trs : AZH

# အီကွေဒေါနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် လူနှစ်ဦးသေဆုံးပြီး ပျောက်ဆုံးနေသူ သုံးဦးရှိ

ကွီတို မတ် ၂

အီကွေဒေါနိုင်ငံတောင်ဘက်ပိုင်းအယ်အိုရိုစီရင်စုရှိပိုင်နက်စ်မြို့တွင် မတ်လ ၁ ရက်က စတင်၍ မိုးသည်းထန်စွာ ရွာသွန်းကာ မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီးသေဆုံးသူနှစ်ဦးရှိပြီး ပျောက်ဆုံးနေသူသုံးဦးရှိနေကြောင်း အီကွေဒေါအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူနေအိမ်ခြေအမြောက်အများပျက်စီးခဲ့ပြီးဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူလည်းမြင့်တက်လျက်ရှိသည်။ ပျက်စီးခဲ့သော လူနေအိမ်ခြေနှင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အရေအတွက်ကို စိစစ်နေဆဲဖြစ်သော်လည်းခန့်မှန်းလူနေအိမ်ခြေ ၁၀ လုံးရှိနေပြီးဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၄၀၀ ထက် မနည်းရှိခဲ့ကြောင်း၊ အယ်အိုရိုစီရင်စုတွင် အချိန်တိုအတွင်းရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရခြင်းမှာ ဆန်ရိုကီမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''ပြည်သူတွေကို ကာကွယ်ပေးကြပါ။ ပျက်စီးဆုံးရှုံးမှုကို အတတ်နိုင်ဆုံးလျှော့ချကြပါ''ဟု အီကွေဒေါသမ္မတ ဒန်နီရယ်လ်နိုဘိုအာက နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းကို ညွှန်ကြားသွားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ကလည်း အီကွေဒေါနိုင်ငံမာနာဘီစီရင်စုတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီးမိသားစုလေးစုမှ လူ ၁၁ ဦးထိသေဆုံးခဲ့ပြီးထိခိုက်ဒဏ်ရာရရှိသူ ကိုးဦးထိရှိခဲ့သည်။ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် လူဦးရေ ၂၂၀၀ ကျော်ထိရှိခဲ့သည့်အတွက် ပိုင်နက်စ်မြို့ ရေကြီးရေလျှံမှုကြောင့် အလားတူဖြစ်စဉ်မျိုး မဖြစ်စေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အားတိုးမြှင့်သွားရန်လည်း အီကွေဒေါသမ္မတက ညွှန်ကြားခဲ့ကြောင်း လည်းသိရသည်။

Ref : Russia Today
Trs : Sai Sat

# ဟေညွှန်ဒေသတွင် ဂရန့်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း ဟေညွှန်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်

ပဲရစ် မတ် ၂

ပြင်သစ်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟေညွှန်ဒေသတွင် ဂါရန့်ဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ၂၇ ရက်မှ စတင်၍ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးမုန်တိုင်းကြောင့် လူနေအိမ်ခြေတချို့ ပျက်စီးကာ လူလေးဦးသေဆုံးခဲ့ကြောင်းဟေညွှန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂါရန့်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာတစ်နာရီ ၁၅၅ ကီလိုမီတာအထိမြင့်တက်ခဲ့ပြီးသစ်ပင်ကြီးများ လဲကျခဲ့၍ အခြေခံအဆောက်အအုံပျက်စီးမှုနှုန်းလည်းမြင့်တက်လာခဲ့ကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးသူများရှိလာခဲ့သော်လည်းမုန်တိုင်းသည်အားပျော့သွားခဲ့ပြီးသာမန်အပူပိုင်းမုန်တိုင်းအသွင် ကူးပြောင်းခဲ့ကြောင်း ဟေညွှန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

မုန်တိုင်းကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၉၅၃ ဦးထိရှိနေပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည့် လူနေအိမ်ခြေပေါင်း ၁၆၀၀၀၀ ကျော်ထိ ရှိနေပြီး သောက်သုံးရေ ပြတ်လပ်သည့် လူနေအိမ်ခြေပေါင်း ၃၁၀၀၀၀ ထိရှိနေကြောင်း ဟေညွှန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သတိပြုရှောင်ရှား တစ်ဆင့်ခံဆေးလိပ်မီးခိုးငွေ့အန္တရာယ်များ

ပေါက်ပေါက်

ဆေးလိပ်သောက်သူက ရှူထုတ်လိုက်သောဆေးလိပ်ငွေ့နှင့် မီးညှိထားသောဆေးလိပ်မှထွက်နေသည့်မီးခိုးငွေ့နှစ်ခုကို တစ်ဆင့်ခံဆေးလိပ်ငွေ့ဟုခေါ်သည်။ ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း အခြားသူသောက်သော ဆေးလိပ်ငွေ့ရှူမိသူကို တစ်ဆင့်ခံဆေးလိပ်ငွေ့သင့်သူဟုခေါ်သည်။ ဆေးလိပ်မသောက်သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များသည် အခြားသူများသောက်သည့်ဆေးလိပ်ငွေ့ကို အိမ်ထဲတွင်သော်လည်းကောင်း၊ အများပြည်သူနှင့်ဆိုင်သောနေရာများတွင်သော်လည်းကောင်း ရှူရှိုက်နေရသဖြင့် ဆေးလိပ်ငွေ့ကြောင့်ဖြစ်သောရောဂါများရရှိခံစားရသည်။

သန့်စင်ခန်းထဲတွင်လည်းကောင်း၊ အိမ်ခန်းအတွင်းတွင်လည်းကောင်း ဆေးလိပ်သောက်သူတစ်ဦးရှိနေပါက ဆေးလိပ်ငွေ့သည် လေထဲတွင် ငါးနာရီခန့်ကြာသည်ထိ ပျံ့လွင့်နေတတ်သည်။ ထိုအငွေ့ကိုအခြားသူများက တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်ကြရသည်။ လေ့လာမှုမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် တစ်နှစ်လျှင် လူဦးရေ ခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာသေဆုံးနေရပြီး၊ ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူမှာ ရာခိုင်နှုန်း ခြောက်သိန်းခန့် သေဆုံးနေကြရသည်။ ထိုနှုန်းအတိုင်းဆက်ဖြစ်နေပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်းတစ်ထောင်သေဆုံးမည်ဟု WHO က ခန့်မှန်းထားသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းအမျိုးပေါင်း ၇၀၀၀ ကျော်ပါဝင်သည်။ ရာပေါင်းများစွာသောပစ္စည်းများသည် အဆိပ်အတောက်ဖြစ်စေပြီး ၇၀ ခန့်မှာ ကင်ဆာရောဂါကိုဖြစ်စေသည်။ ရုံးခန်း၊ အိမ်ခန်း၊ အိမ်စီးကားများအတွင်း ဆေးလိပ်သောက်ပါက ဆေးလိပ်အမှုန်များသည် ကြမ်းပြင်၊ ကြမ်းခင်း၊ ကော်ဇော၊ ဆိုဖာဆက်တီ၊ ဗီရိုစသည်တို့အပေါ်တွင် စွဲတင်ကျန်နေပြီး နီကိုတင်းဓာတ်မှာ ရက်ပေါင်းများစွာတည်ရှိနေသည်။

**ကိုယ်ဝန်ဆောင်မိခင်နှင့် တစ်ဆင့်ခံဆေးလိပ်အန္တရာယ်**

ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်တိုင်ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် Second smoker အဖြစ် နီကိုတင်းဓာတ်ကိုမကြာခဏရှူရှိုက်မိ၍ဖြစ်စေ မိခင်ရောသန္ဓေသားပါ ဆိုးကျိုးများစွာကို ခံစားရနိုင်သည်။ ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် သန္ဓေသားဘဝမှာပင် သေဆုံးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ မွေးစကလေးပေါင်ချိန်မပြည့်ခြင်း၊ သန္ဓေသားဘဝတည်းက အဆုတ်ကြီးထွားမှုနှင့် အဆုတ်၏လုပ်ငန်းများ နှေးကွေးကျဆင်းခြင်း၊ မီးတွင်းကာလ၌ ကလေးတွင် အဆုတ်ပိုးဝင်ရောက်ခြင်း၊ အဆုတ်ရောင်ခြင်း၊ ရုတ်တရက်ကလေးသေဆုံးမှုရောဂါစုနှင့် ကလေးသူငယ်ဘဝတွင် အဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါမကြာခဏဖြစ်ခြင်း၊ မီးတွင်းကလေးသေဆုံးနှုန်းမှာ ဆေးလိပ်မသောက်သော မိခင်ထက် ၁၅ ရာခိုင်နှုန်းများနေခြင်း၊ လူသားဖြစ်လာပြီးနောက် ကလေးဘဝ၊ လူငယ်၊ လူကြီးဘဝမှစ၍ လူ့သက်တမ်းမှာလည်း ဆေးလိပ်လုံးဝမသောက်သူမိခင်မှမွေးဖွားလာသောသူများထက် အသက် ၁၀ - ၁၈ နှစ်ပိုတိုခြင်းစသည့်ဆိုးကျိုးများစွာကိုရင်ဆိုင်ရနိုင်သည်။

**ကလေးများနှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်**

ကလေးငယ်များသည် အသက်ရှူမြန်ခြင်း၊ ခန္ဓာကိုယ်အရွယ်အစားနှင့်နှိုင်းယှဉ်လျှင် အဆုတ်မျက်နှာပြင် အကျယ်အဝန်းများခြင်း၊ အဆုတ်ခံနိုင်ရည်အားနည်းပါးခြင်းတို့ကြောင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ဒဏ်ကို ပို၍ခံစားရသည်။ မူလတန်းအရွယ်ကလေးများတွင် ချောင်းဆိုးခြင်း၊ ချွဲသလိပ်များခြင်း၊ မောပန်းခြင်း၊ ရင်ကျပ်ခြင်းစသောဝေဒနာများ ရရှိစေသည်။ ပန်းနာရင်ကျပ်ရှိသော ကလေးများတစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် တွေ့ထိရှူရှိုက်မိပါကရောဂါပြင်းထန်ပြီး ဆေးရုံတက်ရောက်ကုသရသည့် အခွင့်အလမ်းနှစ်ဆပိုများသည်။ အိမ်တွင်ဆေးလိပ်သောက်သောအိမ်သားများရှိလျှင် ကလေးတွင် ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေပိုများပြီး ရောဂါအခြေ အနေမှာလည်း ပို၍ဆိုးရွားစေနိုင်သည်။ တစ်ဆင်ခံဆေးလိပ်ငွေ့ကြောင့် ကလေးတွင် နမိုးနီးယား ခေါ် အဆုတ်ရောင်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်းတို့ကို အလွယ်တကူဖြစ်ပွားနိုင်ပြီး အသက်နှစ်နှစ်အောက်ကလေးများတွင် အန္တရာယ်ပိုများသည်။ တစ်နှစ်အောက်ကလေးများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားနိုင်သည့် အခွင့်



အလမ်း ၅၀ ရာခိုင်နှုန်းပို၍များပြားသည်။ အထူးသဖြင့် အဆုတ်တွင် လေအိတ်ငယ်များအရေအတွက်အများဆုံးပွားများသည့် မွေးစမှ အသက် လေးနှစ်အတွင်း ကလေးငယ်များသည် ထိခိုက်မှုအရှိဆုံးအရွယ်ဖြစ်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့သည် အဆုတ်၏လုပ်ငန်းစွမ်းရည်ကို ယုတ်လျော့စေသည့်အပြင် ဆယ်ကျော်သက်အရွယ်နှင့် လူငယ်ဘဝတွင် အဆုတ်၏ အမြင့်ဆုံးကြီးထွားမှုအဆင့်သို့ရောက်ရှိရန် အဟန့်အတားဖြစ်စေသည်။ ထို့ပြင် ဆေးလိပ်ငွေ့သည် ကလေးများတွင် နားရောဂါကိုလည်းဖြစ်စေနိုင်သည်။ နားစည်အတွင်းနား၏အလယ်ခန်းရောင်ရမ်းခြင်း၊ ရောဂါပိုးဝင်ခြင်း၊ အရည်စုခြင်း၊ နားပြည်တည်ခြင်းတို့ဖြစ်ပွားစေနိုင်ပြီးအိမ်တွင် တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် ထိတွေ့နေရပါကနားရောဂါဖြစ်ပွားရန် ၃၅ ရာခိုင်နှုန်းအခွင့်အလမ်းပို၍များသည်။

**လူကြီးများနှင့် တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်**

တစ်ဆင်ခံဆေးလိပ်ငွေ့သည် ပုံမှန်ဆေးလိပ်သောက်သူများ၏ဖြစ်စဉ်ကဲ့သို့ပင် အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်စေသည်။ ဆေးလိပ်မသောက်တတ်သူသည် တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့်ထိတွေ့ပါက မျက်လုံး၊ နှာခေါင်း၊ လည်ချောင်းများယားယံလေ့ရှိသည်။ စားသောက်ဆိုင်၊ အရက်ဘားတို့ကဲ့သို့ တစ်ဆင့်ခံဆေးလိပ်ငွေ့ပမာဏများပြားသောနေရာများတွင် တစ်နာရီခန့် ရှူရှိုက်ရပါက အဆုတ်အတွင်း လေဝင်လေထွက် သိသိသာသာနည်းသွားနိုင်ပြီးအဆုတ်၏ လုပ်ဆောင်နိုင်မှုစွမ်းရည် လျော့ကျသွားနိုင်သည်။ ထို့ပြင် ချောင်းဆိုးခြင်း၊ ချွဲသလိပ်ထွက်ခြင်း၊ ရင်ကျပ်ခြင်း စသောဝေဒနာများ ခံစားရနိုင်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့သည် လူကြီးများတွင် ပန်းနာရင်ကျပ်ရောဂါစတင်ဖြစ်ပေါ်စေနိုင်ခြင်း၊ အကယ်၍ ရောဂါရှိပြီးသူဖြစ်ပါက ရောဂါအခြေအနေပိုဆိုးရွားလာစေခြင်း၊ ကုသမှုခက်ခဲခြင်းတို့ကို ဖြစ်စေနိုင်သည်။ ထို့ပြင် ဆေးလိပ်ငွေ့ကိုကြာရှည်စွာ ရှူရှိုက်နေရပါက နာတာရှည်အဆုတ်လမ်းကြောင်းကျဉ်းရောဂါဖြစ်ပွားစေနိုင်သည်။

**တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် အဆုတ်ကင်ဆာအန္တရာယ်**

ဆေးလိပ်ငွေ့နှင့် ထိတွေ့မှုပိုများပြီးအချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အဆုတ်ကင်ဆာဖြစ်စေသောအန္တရာယ်မှာလည်း ပိုများပြားသည်။ ဆေးလိပ်သောက်သူတစ်ဦးနှင့်အတူ နေထိုင်သောဆေးလိပ်လုံးဝမသောက်သူတစ်ဦးအတွက် အဆုတ်ကင်ဆာဖြစ်နိုင်သောအန္တရာယ်သည် ၂၀ မှ ၃၀ ရာခိုင်နှုန်းထိရှိသည်။ လုပ်ငန်းခွင်တွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရပါကလည်း ရှူရှိုက်ရသောအချိန်ကာလကြာရှည်သည်နှင့်အမျှ အဆုတ်ကင်ဆာဖြစ်လာနိုင်သော အန္တရာယ်ပိုများသည်။ ဆေးလိပ်သောက်သူများပင်လျှင် တစ်ဆင့်ခံဆေးလိပ်ငွေ့များကို ထပ်မံရှူရှိုက်နေရလျှင် အဆုတ်ကင်ဆာဖြစ်ပွားနိုင်မှုအခြေအနေမှာနဂိုမူလရှိသောအန္တရာယ်ထက်ပိုများလာသည်။

**ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများ**

ဆေးလိပ်၏ ဆိုးပြစ်များကို တစ်ကမ္ဘာလုံးက သိရှိလက်ခံထားကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်မေ ၄ ရက်က ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေကို ပြဋ္ဌာန်းပြီး အာဏာ၏သက်ရောက်ပြီးဖြစ်သည်မှာယခုဆိုလျှင် ဆယ်စုနှစ်နှစ်ခုခန့်ရှိပြီဖြစ်သည်။ ထိုဥပဒေ၏ပုဒ်မ-၆ တွင် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများကိုအောက်ပါအတိုင်းသတ်မှတ်ထားသည်။

- ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ အဆောက်အအုံရုံးခန်း ပရိဝုဏ်များနှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊
- ဆေးကုဂေဟာနှင့် ဆေးခန်းများ၊
- အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊
- ကလေးကစားရုံနှင့် ကစားကွင်းများ၊
- ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊
- တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံ စာသင်ခန်းနှင့် ရုံးခန်းများ၊
- ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊
- ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊
- ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊
- တိုက်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊
- ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့်လေယာဉ်များ၊
- လေအေးစက် တပ်ဆင်ထားသောအများပြည်သူသုံးအခန်းများ၊
- အများပြည်သူသုံးခန်းမကြီးများ၊
- ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများ၊
- ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်အများပြည်သူဆိုင်ရာအခြားပရိဝုဏ်၊ အဆောက်အအုံနှင့် နေရာများ စသည်တို့ဖြစ်ကြသည်။

**တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်ကာကွယ်နည်း**

- အခန်းထဲရှိ ဆေးလိပ်မီးခိုးနံ့များပြေပျောက်စေရန် ရေခွက်အလွတ် သုံးခွက် သို့မဟုတ် လေးခွက်ထဲတွင် ရှလကာရည်ကို ခွက်တစ်ဝက်ခန့်ဖြည့်၍ အခန်းထောင့်တွေမှာ ချထားပါ။ ထို့နောက် အခန်းတံခါးများကိုလုံအောင်ပိတ်၍ တစ်ညသိပ်ပါ။
- ဂွမ်းလုံးလေးများတွင် ရှလကာရည်ဆွတ်၍ အခန်းတွင်းဖြန့်ကျဲ၍ နေရာအနှံ့ချထားပေးပါ။
- အခန်းတံခါးနှင့် ပြူတင်းပေါက်များအားလုံး ဖွင့်ထားပြီး ပန်ကာ သို့မဟုတ် အဲကွန်းဖွင့်ထားပါ။ ထိုလေများနှင့်အတူ ဆေးလိပ်မီးခိုးနံ့များပါ အပြင်သို့ရောပါသွားသဖြင့် အနံ့ဆိုးတွေမရှိစေတော့ပေ။
- မိမိအိမ်သားတစ်ဦးက ဆေးလိပ်သောက်သောအကျင့်ကို ဖြတ်မရဖြစ်နေပါက၊ ၎င်းကို အိမ်အပြင်ထွက်၍ ဆေးလိပ်သောက်ခိုင်းပါ။ ဆေးလိပ်ပြာများနှင့် စီးကရက်အတိုအစ အကြွင်းအကျန်များကလည်း လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ အကယ်၍ အိမ်ထဲမှာ သောက်ပါက အလုံပိတ်ဆေးလိပ်ခွက်ထဲမှာ ပြာခြွေခိုင်းပါ။ ထိုဆေးလိပ်ပြာခွက်ထဲကို ကျောက်မီးသွေးအစအနများ သို့မဟုတ် မုန့်လုပ်ဆော်ဒါမှုန့်များ ထည့်ထားပါ။ ၎င်းတို့က လေထုညစ်ညမ်းမှုကို စုပ်ယူပေးသဖြင့် အိမ်တွင်း စီးကရက်နံ့ဆိုးများထွက်ခြင်းကို လျော့ပါးသက်သာစေသည်။
- အခန်းထဲရှိ မီးသီး သို့မဟုတ်မီးချောင်းပေါ်သို့ ရေမွှေးဖျန်းပေးပါ။ မီးသီး သို့မဟုတ် မီးချောင်း ၏ အပူဓာတ်က သူ့အလင်းရောင်ဖြန့်ကြက်ပေးနိုင်သော နေရာအထိရောက်အောင် ရေမွှေးရနံ့ကိုပါ ဆောင်ကြဉ်းပေးနိုင်သည်။
- အခန်းထဲရှိ အဲကွန်းဖွင့်ထားပြီး၊ မိမိနှစ်သက်ရာ လေသန့်အမွှေး Air Fresher ဘူးကို အဲကွန်းပေါ်သို့ ဆွတ်ဖျန်းပေးပါ။ အဲကွန်းမှ အအေးဓာတ်နှင့်အတူ ထိုလေသန့်အမွှေးရနံ့တွေကို တစ်ခန်းလုံး လွှမ်းခြုံသွားစေသည်။
- သံပရာသီး၊ ရှောက်သီး၊ သံပရိုသီး၊ လိမ္မော်သီး စသည့် ဆစ်ထရစ်အက်ဆစ် ခေါ် အချဉ်သီးတွေက ဆေးလိပ်မီးခိုးနံ့တွေကို ဖယ်ရှားပေးနိုင်သည်။ ထိုအသီးခွံများကို အခန်းထဲမှာ လေးရက်၊ ငါးရက်လောက်ချထားပေးပါ။
- ဆေးလိပ်နံ့ဆိုးရွားလွန်းနေပါက ခန်းဆီးလိုက်ကာများကို မုန့်ဖုတ်ဆော်ဒါ အနည်းငယ်သုံး၍ လျှော်ဖွတ်ပါ။ ကြမ်းခင်းများကိုလည်း မုန့်လုပ်ဆော်ဒါအနည်းကို ရေဖျော်၍ တိုက်ချွတ်ပေးပါ။
- မိမိနှစ်သက်ရာ ကော်ဖီမှုန့် (grounded coffee အမှုန့်) တစ်ခုခုကို အဝတ်အိတ်ပါးပါးလေးတွေထဲထည့်၍ အခန်းထောင့်ပတ်လည်မှာ ချိတ်ဆွဲထားပေးပါ။ ထိုကော်ဖီမှုန့်လေးတွေ က ဆေးလိပ်မီးခိုးတွေကို စုပ်ယူပေးနိုင်သည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Web-portal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...**

❖ **နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၂**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့်


**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

## LPGA's HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု လိုင်ဒီယာကို ဆွတ်ခူး

**စင်ကာပူ မတ် ၂**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် LPGA's HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် ဖူရူနှင့် ထိုင်းဂေါက်သီးရိုက်မယ် တီသိကူလ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် **စာမျက်နှာ ၁၉ ကော်လံ ၁** ❑



**စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း မီးလောင်ကျွမ်းခဲ့မှုကို ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု** စာမျက်နှာ- ၂၁

**ရွှေ့ပြောင်းတောင်ယာစနစ်လျှော့နည်းရေး ပြိုင်တူတွန်းအားပေးဆောင်းပါး** စာမျက်နှာ- ၁၀